

သိပ်ချစ်ရတာကိုကိုသိပါတယ်

# အခန်း (၁)

ဒေါ်ခင်အေးဦးသည် အိမ်က ကားပြန်လာသည်ကို တွေ့ရသဖြင့် အိမ်ဝင်တံခါးကိုဖွင့်ပေးရန် အပြေး ကလေးလာခဲ့သည်။ ရပ်တန့်သွားသော ကာပေါ်မှ ခင်ပွန်းသည် ဦးမျိုးထွန်းနှင့် အတူ ဧည့်သည်များ ဆင်းလာသည်ကို တွေ့မြင်လိုက်ရသော အခါ ဒေါ်ခင်အေးဦး၏ ရင်များ တဒိုင်းဒိုင်း ခုန်လာတော့သည်။

သူ့စိတ်အာရုံက ဒိုင်းခနဲ ထမင်းစားခန်းထဲက လူတစ်ရပ်ကျော် မြင့်သော တိုရှီဘာ ရေခဲသေတ္တာ ကြီးဆီသို့ ရောက်ရှိသွား၏ ။

"ဘုရား ...ဘုရား ... ဘုရား ကိုမျိုးထွန်း ဧည့်သည်တွေ စားဖို့သောက်ဖို့ လိုက်လာကြတာ မဟုတ် ပါစေနဲ့"

အသက်ကို အောင့်ထားပြီး ဒေါ်ခင်အေးဦး ဆုတောင်းလိုက်မိသည်။

"ထိုင်ကြပါ ....... ထိုင်ကြပါ အေးအေးဆေးဆေးပေါ့ မဟုတ်ဘူးလား ဦးသက်ဆွေ"

ဦးမျိုးထွန်းက ဧည့်ခန်းထဲ အရောက်တွင် သူ နောက်လိုက်ပါလာသော မိတ်ဆွေများ ကို ပြောလိုက် သည်။

"ရောက်မှတော့ အေးအေးဆေးဆေးပဲ ဦးမျိုးထွန်းရေ တော် ကြာ သန်းခေါင်အထိ မပြန်လို့ ဧည့်သည်ညဥ့်နက် အိမ်ရှင်ခက်နေဦးမယ်"

"အဟင်း .... ဟင်း ... ဟင်း မခက်ပါဘူး ဦးသက်ဆွေ၊ ကျွန်တော့် အိမ်မှာ ဧည့်ခန်းပိုတွေ အများ ကြီး ရှိတယ်၊ ခင်ဗျားတို့ အိပ်ချင်သပဆိုလဲ ဝလဲကမ်းပဲဖိတ်ခေါ်ပါတယ်၊ ဪ .... စကား ကောင်းနေလိုက်တာ မိတ်ဆက်ပေးရဦးမယ်၊ ဒါ . .... ကျွန်တော် ဇနီးလေ ဒေါ်ခင်အေးဦးတဲ့"

"ဟုတ်ကဲ့ သိရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ရှင်"

အင်္ကျီက ရှန်သားရင်ဖုံးလက်ရှည်၊ ဆံပင်ကဘီးကျော့ပတ်ကြီးနှင့် တစ်ကိုယ်လုံး နံ့သာဖြူနံ့ သင်းနေသော ဒေါ်ခင်အေးဦးသည် လွန်စွာ ရိုးအ အေးဆေးသော အသွင်ဖြင့် ရှိနေပါ၏ ။

"ခဏ ခွင့်ပြုကြဦးနော်၊ ကျွန်တော် စီစဉ်စရာ စီစဉ်လိုက်ဦးမယ်"

"ရပါတယ်ဗျာ ... ရပါတယ်၊ ကြိုက်သလောက် အချိန်ယူ ရပါတယ်"

ဦးမျိုးထွန်းသည် သူ့မိတ်ဆွေတွေ ကို ခွင့်ပန်ခဲ့ပြီး ထမင်းစားခန်းဆီသို့ ထွက်သွားသဖြင့် ထွက်မ တတ် ဖြစ်နေသော အသက်ကို တအားကြီး အောင့်ထားရင်း ဒေါ်ခင်အေးဦးသည် ခင်ပွန်းသည်၏ နောက်သို့ လိုက်ခဲ့သည်။

"မဦး....."

"ရှင် ..... ကိုထွန်း"

"ဒီဧည့်သည်တွေ က မော်လမြိုင်ဘက်က အရေး ကြီးတဲ့ ဧည့်သည်တွေ ကောင်းကောင်းပြုစုဖို့ လိုတယ်၊ မတင်ခကို ခေါ်ပြီး အမြည် းကောင်းကောင်း စီစဉ်ပေး"

"ဟုတ် ..... ဟုတ်ကဲ့"

ဦးမျိုးထွန်းသည် တုန်တုန်ယင်ယင် ဖြစ်နေသော ဇနီးသည်ကို နားမလည်နိုင်သလို မျက်မှော င်ကုတ် ၍ တစ်ချက်ကြည့်ပြီး လူတစ်ရပ်ကျော်မြင့်သော တိုရှီဘာရေခဲသေတ္တာကြီး၏ တံခါးကို ဖွင့်လိုက်၏ ။

"ဟင် ......"

အတွင် းတွင် သူမှတ်မှတ်ရရ ထည့်ထားသော ဂျော်နီဝါကား အရက်ပုလင်းသစ်ကြီးနေရာတွင် ရှိမနေတော့သည်ကို တွေ့လိုက်ရသည်။

ဒေါသများ ဆူပွက်သွားရတော့သည်။

သူသည် အံကို တင်းကျပ်စွာ ကြိတ်ပြီး ဒေါသဆောင်နေသော ခြေလှမ်းကျယ်ကြီးများ ဖြင့် မီးဖိုဆောင်ဆီသို့ လျင်မြန်စွာ ရောက်ရှိသွား၏ ။

ထမင်းချက်မတင်ခနှင့် အမြည်း စီစဉ်နေသော ဒေါ်ခင်အေးဦးသည် ခြေသံကြောင့် နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည့်တွင် ဒေါသအိုး ဝက်ဝက်ကွဲတော့မည် အသွင်သို့ ဆောင်နေသော ခင်ပွန်းသည်ကို တွေ့ လိုက်ရသည်။

“ကျုပ်အရက်ပုလင်းကို ခင်ဗျားသား ယူသွားတယ် မဟုတ်လား မဦး ....... ဟင်”

“ဟုတ် ........ ဟုတ်မှာ ပေါ့ ကိုထွန်း၊ သူပဲ ဖြစ်မှာ ပေါ့ ကိုထွန်း”

“အဲဒါကို ခင်ဗျားသိတယ်မဟုတ်လား”

“သိတော့ မသိဘူး၊ ဒါ .... ဒါပေမယ့် သူပဲ ယူမယ့်သူရှိတာပဲ”

“ဘာဆင်ခြေမှ မပေးနဲ့ မကြားချင်ဘူး၊ ခင်ဗျားက အမေ၊ အဆုံးအမ လုံးဝမှမရှိတာ၊ ဒီကောင် ဘယ်လာ ကောင်းနိုင်မလဲ၊ ခင်ဗျား ပြောမထားဘူးလား၊ ဒါ ........ ဧည့်ကောင်း ဆောင်ကောင်းအတွက် ထားတာလို့”

“မ .... မဦး တွေ့ ရင်တော့ ပြောပါတယ်၊ ဒီတစ်ခါတော့ ယူ ........ ယူသွားပြီးမှ သိလို့ပါရှင်”

“ကောင်းကွာ ..... သိပ်ကောင်း၊ လုပ်မနေနဲ့ တော့ အရက်မှမရှိတာ အမြည်း လုပ်နေလဲ အပိုပဲ။ ဒီလောက်တောင် ကုန်ချင်လှတာ၊ စားသောက်ဆိုင်ပဲ သွားကျွေးလိုက်မယ်”

“ကို ...... ကိုထွန်း၊ မောင်အောင်ထွေးကို ပြေးဝယ်ခိုင်းလိုက်မယ်လေ၊ ရှစ်မိုင်လမ်းဆုံမှာ ဝယ်လို့ ရပါတယ်”

“လုပ်မနေနဲ့၊ ဣန္ဒြေပျက်တယ်၊ ဒီကောင်အိမ်ပြန်လာရင် အသက်ဖက်နဲ့ထုတ်ထားဖို့သာပြောလိုက်”

ဦးမျိုးထွန်းသည် ရှုးရှုးရှားရှားနှင့် သူတို့အိမ်ခန်းထဲသို့ ဝင်သွားပြီး

မီးခံသေတ္တာထဲမှ နှစ် ရာတန် ငွေစက္ကူတစ်ထုပ်ကို ထုတ်ယူလိုက်သည်။

စောစောက ချွတ်ထားသော တိုက်ပုံအင်္ကျီကို ပြန်ဝတ်ရင်း ဧည့်ခန်းထဲသို့ လျှောက်ဝင်လာနေသော ဦးမျိုးထွန်းကို ဧည့်သည်များ က လှမ်းကြည့်လိုက်ကြသည်။

“ အစီအစဉ် ပြောင်းသွား ပြီ ဦးသက်ဆွေ တို့ရေ၊ ဂျိုင်းစားတော် ဆက်ကိုပဲ သွားကြတော့မယ် “

“ အိမ်တွင် တစ်စုံတစ်ခု အဆင်မပြေမှုန်း ခန့်မှန်းမိကြသဖြင့် ဦးသက်ဆွေတို့လည်း ထိုင်ရာမှအသီးသီး ထလိုက်ကြသည်။

ဦးမျိုးထွန်းမှ ဖျက်မရသော အစီအစဉ်ကြောင့် ရှေ့သို့ ဇွတ်ထိုး၍ ထွက်ခဲ့ရသော လည်း သူ့စိတ်အာရုံ ကတော့ အိမ်ဆီသို့ သာ နောက်ဆုတ်ပြန်နေ၏ ။

အလိုက်ကန်းဆိုးမသိ။

ပေါ့ပေါ့နေ ပေါ့ပေါ့စား၍ အကျင့်ပျက်နေသော သားနှင့် သမီးကို သူကြည့်မရ ဖြစ်နေသည်မှာ ကြာပြီ ဖြစ်သည်။ သည်တစ်ခါတော့ ချမ်းသာမပေးဘဲ ကျောင်းမှန်း ကန်မှန်းသိအောင် ပြရတော့မည် ဟုလည်း ဆုံးဖြတ်လိုက်သည်။

*

“ စိတ်ညစ်လိုက်တာ မတင်ခရယ် ”

စိတ်ဓာတ်ပျော့ညံ့၍ ဝမ်းနည်းလွယ်သော ဒေါ်ခင်အေးဦးသည် သူ့အင်္ကျီလက်စဖြင့် မျက်ရည်စိုစွတ် နေသော သူ့ မျက်လုံးများ ကို တို့ရင်း အိမ်ဖော် အမျိုးသမီးမတင်ခအား ပြောလိုက်သည်။

“ မမဦးလဲ ဒုက္ခပဲ၊ ဒီသားဆိုး သမီးဆိုးတွေ နဲ့ ”

ပင့်သက်ရှိုက်ရင်း မတင်ခက ပြောလိုက်သည်။

လုပ်တဲ့လူကလဲ စည်းကမ်းကြီး၊ ရည်ရွယ်ချက်ကြီး၊ ကြိုး စားအားထုတ်မှု ကြီး၊ သားတွေ သမီးတွေ ရဲ့ လုပ်ရပ်ကလဲသူနဲ့ ဆိုရင် ပြဒါးတစ်လမ်း၊ သံတစ်လမ်း၊ မမဦးတော့ မြန်မြန်သာ သေလိုက်ချင်တယ်။ သူ့ကို သားအဖတစ်တွေ မျက်နှာချင်းဆုံမိကြမှာ ကို ကြောက်လိုက်တာကွယ် ”

ဘာမှ စွမ်းဆောင်ကူညီနိုင်စွမ်းမရှိသော ဒေါ်တင်ခသည် သူ့အိမ်ရှင်မ၏ မျက်နှာကို ညှိုးငယ်စွာ ဖြင့် သာကြည့်နေမိရှာ၏ ။

“ ဟေး ... ကြည့်စမ်း၊ မေမေနဲ့ ဒေါ်တင်ခကြီး မီးဖိုဆောင်မှာ ဘာကိုျတ်ဝိုင်း လာလုပ်နေကြတာလဲ ဟင်၊ ခေါ်သံ အော်သံလဲ မကြားဘူး။ အိမ်ရှေ့တံခါးကြီးလဲ ပွင့်လို့ ”

မိခင် ဖြစ်သူက သူ့ထံသို့ မျက်ရည်စိုစွတ်သော မျက်ဝန်းများ ဖြင့်လှည့်ကြည့်လိုက်သော အခါ....

“ ဟင်.. ဘာတွေ ဖြစ်နေကြတာလဲ မေမေ ”

သည်တော့မှ မေမျိုးဇင်မြူ ပျာသွားပြီး မိခင်ထံသို့ အပြေးကလေး ချဉ်းကပ်လိုက်သည်။

အောင်ပေါ့ သမီးရယ်၊ ညည်း မောင်လေး အောင်ပေါ့၊ သူ့အရက်ပုလင်း ဘယ်တုန်းက သုတ်သွား မှန်းမသိဘူး၊ ဒီနေ့ သူဧည့်သည့်တွေ ခေါ်လာတော့ ပြဿ နာတက်ကုန်ပြီပေါ့၊ မေမေလဲ ဒီမနက်မှ ရေခဲသေတ္တာထဲမှာ ဒီပုလင်းမရှိတော့တာကို သတိပြု မိကာ ”

“ ဟင်း... အောင်ကလဲ ခက်တာပဲ၊ ဖေဖေ့ အကြောင်းလဲ သိသားနဲ့ဟာ ”

“ ဟုတ်တယ်၊ ပိုက်ဆံဆိုလဲ လိုသလောက် မေမေဆီက အတင်းယူယူနေတဲ့ဉစ္စာ ဘာ ဖြစ်လို့များ ဖအေ့ပစ္စည်းကို ထိချင်တို့ချင်ရတာ လဲ မသိဘူး၊ တော် တော် ပြဿ နာကို မီးထွန်းရှာတက်တဲ့ ကလေး ”

" ခု ဖေဖေ ဘယ်သွားလဲဟင် "

သူ့ သူငယ်ချင်းတွေ ကို ခေါ်ပြီး စားသောက်ဆိုင်ဆီ ထွက်သွားပြီ "

" အောင်အောင်က သိပ်ပြဿ  နာရှာတာပဲ၊ လာမှပြောရဦးမယ်၊ တော် ကြာ သူ့ဆီကနေ ဒီမီးက ကိုယ့်ဘက် လှည့်လာဦးတော့မှာ ၊ဒုက္ခပဲ "

" ပြောစမ်းပါဦး သမီးရယ်၊ ဒီကောင်တစ်ကောင်တည်းနဲ့ မေမေ မျက်ရည်ကျရပေါင်းများ လှပြီ၊ ကျောင်းမှန်မှန် မတက်ဘဲ လျှောက်လေနေတဲ့ကိစ္စကလဲ ရှိသေးတယ်၊ ဘွဲ့လေးတစ်ခုတော့ ဖြစ်မြောက် အောင်ယူပါလို့ တိုက်တွန်းပါဦး၊ မေမေ စိတ်ညစ်လွန်းလို့ "

" သမီး ပြောပါမယ်၊ မေမေ့ "

" သမီးလဲ လိမ္မာပါကွယ်၊ ကိုယ်မကြိုက်တာ ကြိုက်တာအပထား၊ ဖအေကြီး ဆန္ဒရှိတဲ့အတိုင်း တက္ကသိုလ်မှာ ထွန်းထွန်းပေါက်ပေါက် ဖြစ်အောင်ကြိုး စားပါ၊ တခြားဝါသ နာပါတဲ့ကိစ္စကို ဒုတိယနေရာမှာ ထားပါ "

" သမီး ကြိုး စားနေတာပါပဲ၊ ပါရမီ ပါတာထက်တော့ ဘယ်ပို့နိုင်မှာ လဲ မေမေရာ၊ ဖေဖေက အတ္တကို ကြီးလွန်းအားကြီးတယ်၊ သမီး ကတော့ သူ သိပ်လိုချင်တဲ့ဘွဲ့တစ်ခုကို ကတိအတိုင်း ရအောင်ယူပေးမှာ ပါ၊ ဒါပေမယ့် ဝါသနာပါတဲ့ ဂီတအနုပညာကိုတော့ ဘယ်နည်းနဲ့မှ မစွန့်လွှတ်နိုင်ဘူး မေမေ "

" ဟင်း... ညည်းတို့ တော် တော့ ခေါင်းမာကြပါလား အေ့ "

" ဖေဖေက လူတိုင်းကို ရုပ်သေးရုပ်လို ကြိုး ဆွဲချင်တိုင်း ဆွဲနေတာကိုတော့ သမီး လက်မခံနိုင်ဘူး၊ မေမေ "

" တွေ့လား၊ မတင်ခ၊ သူကလဲ တစ်မျိုး၊ ကောင်းကိုမကောင်းကြပါဘူး အေ "

" ကဲ... မေမျိုး၊ အဝတ်အစားသွားလဲတော့၊ ဒီမှာ မေမျိုး စားချင်တဲ့ ငါးရဲ့ အူဟင်း ဒေါ်တင်ခချက်ထား တယ် " ဒေါ်တင်ခသည် သားအမိ နှစ် ယောက် ကြား

မနေသာတော့သဖြင့် ကြားဝင်လိုက်ရတော့သည်။

မမျိုးဇင်သည် နှုတ်ခမ်းတလုန့်လောက်စူပြီး ခြေကိုခပ်ဆောင့်ဆောင့်နင်းကာ သူ့အိပ်ခန်းဆီသို့ ထွက်သွားတော့သည်။

ခါတိုင်းတော့ ခင်ပွန်းသည် ဘယ်အချိန်ပြန်လာလာ သူလာမှထမင်းအတူစားလေ့ရှိသည်။ သည်နေ့ တွင် တော့ ခင်ပွန်းသည် တစ်ယောက် မိတ်ဆွေသင်္ဂဟများ နှင့် စားသောက်ဆိုင်ဆီသို့ သွားလေပြီ ဖြစ်၍ ဒေါ်ခင်အေးဦး တစ်ယောက် တည်း ထမင်းဝိုင်းတွင် ထိုင်ရမလို ဖြစ်နေသည်။

သား ကြည့်တော့လည်း အိမ်မှာ မရှိ။ အချိန်က ညရှစ်နာရီ ကျော်နေပြီ။

သမီးကျပြန်တော့လည်း ညနေကဆို စကားလေးတစ်ခွန်း နှစ် ခွန်း ပြောလိုက်ရုံနှင့် မြောင်မရ ဆန့်မ ရအောင် အိမ်ခန်းတံခါးပိတ်ပြီး ကောက်ကွေးပြနေသည်မို့ ဒေါ်ခင်အေးဦး အလွန်စိတ်ပျက်လာမိသည်။

နောက်ဆုံးတွင် တော့ သူ့အပေါ်နားလည်ပြီး သူ့ကိုညာတာ ထောက်ထားသော ဒေါ်တင်ခ၏ နှစ် သိမ့်ဖျောင်းဖျမှု ကြောင့် ထမင်းလေးတစ်လုတ်တစ်ဆုပ် အတင်းမျို ချလိုက်ရသည်။

ပြီးလျှင် လက်၊ ခံတွင် းတို့ကို စင်ကြယ်စွာ ဆေးပြီး ဒေါ်ခင်အေးဦး အိမ်ခန်း အတွင် းမှ ယောဂီတဘက်လေးကို ယူကာ ဘုရားခန်းထဲသို့ ဝင်ခဲ့တော့သည်။

ကြည်ညိုဖွယ်ရာ ရွှေအဆင်းဖြင့် ဝင်းပနေသော ဆင်းတုတော် များ ၊ မြရောင် စိမ်း၍ မြရည်လိမ်းနေ သော ရွှေပလ္လင်တော် ထံမှ မြဘုရားကြီးအား ဦးခိုက်ရှိခိုးကန်တော့လိုက်သည်နှင့် တစ်ပြိုင်နက် သူ့ကို နှိပ်စက် ညှဉ်းပန်းနေသော အပူအနှောင့်မှန်သမျှကို သူ့ထံမှ ပိန်းကြာရွက်ပေါ်မှ ကျဆင်းသွားသော ရေကဲ့သို့ သူ့ရင်ထဲမှာ ခံစားလိုက်ရသည်။

ကျယ်ဝန်း သပ္ပာယ်လှသော ဘုရားဆောင်ကြီး၏ ရှေ့တွင် ဒါန၊ သီလ၊ ဘာဝနာ

တရားများ ပွားများ နေသော ဒေါ်ခင်အေးဦး၏ အသွင်သည် တည်ငြိမ်အေးချမ်း၍ ကျက်သရေအပေါင်း ခညောင်းသည့် သို့ ရှိနေ၏ ။

အရက်ပုလင်း ပျောက်မှ အတွက်သားအောင်မျိုးလက်ကို မကျေမနပ် စိတ်များ က ဦးမျိုးထွန်းကို အချိန်ပြည့်နှိပ်စက်လျက်ရှိသည်။

သူက ဧည့်ခံရသော စားပိုင်း သောက်ပိုင်းတွင် သူ့စိတ်သည် ရှိမနေဘဲ မျု းထက်ဆွေ ရိပ်ငြိမ်ဆီသို့ သော နောက်ပြန်ပြေး၍ နေ၏ ။

“ နေနှင့် ဦးပေါ့ကွာ ”

“ နေနှင့် ဦးပေါ့ကွာ ” ဟု သား ဖြစ်သူကို အခါခါလည်း စိတ်ထဲကိုကျိတ်တေး၍ နေမိနေ၏ ။

စားပိုင်း သောက်ပိုင်း သိမ်း၍ မိတ်ဆွေများ နှင့် အသီးသီးလူစုခွဲကြသည့် အခါတွင် တော့ ချုပ်တည်း ထားရသမျှ လွတ်ဖြေချကာ သူ့ကားကို လျင်မြန်စွာ မောင်းနှင်း၍ ဦးမျိုးထွန်းသည် မျိုးထက်ဆွေရိပ်ငြိမ်ဆီသို့ ရောက်ခဲ့တော့သည်။

*

ဒေါ်တင်ခသည် ထိုင်၍ ငိုက်မြည် းနေရာမှ အိမ်ရှေ့ဆင်ဝင်အောက်တွင် ဆောင့်ရပ်လိုက်သော ကားဆီသို့ ဆက်ခနဲ ခေါင်းထောင်၍ ကြည့်လိုက်သည်။

ရပ်သွားသော ကားပေါ်မှ ဦးမျိုးထွန်း ဆင်းလာသည်ကို လေအလျင်ကဲ့သို့ အိမ်ဝင်းတံခါးမကြီးဆီသို့ ရောက်ခဲ့ရသည်။

"ဟိုဟာတွေ ကော"

မှု န်သိုးနေသော မျက်နှာကြီးဖြင့် အိမ်သားများ ကို ရည်ညွှန်း၍ ဦးမျိုးထွန်းက

မေးလိုက်သည်။

ရှိ ရှိပါတယ်၊ မေမျိုး ကတော့ အိပ်နေပါပြီ မမဦး ကတော့ အမိဋ္ဌာန် ဝင်နေပါတယ် "

" ငအောင် ကတော့ကော "

" သူ သူ တစ်ယောက် တည်း အိမ်ပြန်မရောက်သေးပါဘူးဦး "

" ဒါနဲ့ ခုနက ငါမေးတုန်းက ရှိတယ်ဆို .... တယ်...."

" မမဦးနဲ့ မေ.... မေမျိုးတို့ ရှိတာကို ပြောတာပါ "

ဦးမျိုးထွန်းသည် မှု န်သိုးနေသော မျက်နှာထားကြီးဖြင့် သူ့ ကိုယ်ပေါ်က တိုက်ပုံအင်္ကျီကိုဆွဲချွတ်ပြီး နီးရာ ဆိုဖာ ကုလားထိုင် တစ်ခုပေါ်သို့ ပစ်တင်လိုက်သည်။

မတင်ခသည် အလွန်ကြောက်ရွံ့ နေဟန်ဖြင့် ဦးမျိုးထွန်းကို နေရာမှ တုတ်တုတ်မျှမလှုပ်ဝံ့ဘဲ ရပ်ကြည့်နေရှာ၏ ။

" ဟိတ်..... ဘာကြည့်နေတာလဲ၊ တံခါးပြတ်ပိတ်ပြီးသွားအိပ်ချည်တော့..... ဘယ်အချိန်ရှိနေပြီလဲ "

" ဟို...... ဟို......."

" ဘာမှ ဟို..... ဟို လုပ်မနေနဲ့ ၊ ဒီကောင်ကို အိပ်ပျက်ခံနင် စောင့်ပြီး တံခါးဖွင့်ပေးစရာမလိုဘူး၊ ဒီကောင့်ကိစ္စကို ငါရှင်းမယ် "

မတင်ခ ခမျာမှာ ဟစ်လို့သာ ငိုချချင်စိတ်များ ဖြစ်လာ၏ ။

သူ့မှာ အိမ်ကြီးရှင် ဦးမျိုးထွန်းကို ဖိန့်ဖိန့်တုန်အောင် ကြောက်ရသည် ကဲ့သို့ တစ်ဖက်ကလည်း မျိုး ထက်ထွန်းရိပ်ငြိမ်မှ တစ်မိပေါက် တစ်ယောက် ထွန်း ပြုလ်ဆိုးကလေး အောင်မျိုးလတ်ကိုလည်း ကြောက်နေရပါ၏ ။

စိတ်မထင်လျှင် သည်ကောင်ကလေးကလည်း သူ့ကိုသတ်တော့

ဖြတ်တော့မယောင် လုပ်တတ်၏ ။ ကိုယ့်ကိုယ်နှင့် သူများ စိတ် လုပ်ကိုင်စားသောက်ရသည်မှာ မတင်ခအဖို့ မလွယ်လှ။

" ဟဲ့...... ဘာလုပ်နေတာလဲ..... သွားအိပ် ဆိုတာကို "

" ဟုတ်... ဟုတ်ကဲ့ပါဦး"

မတင်ခသည် ဦးမျိုးထွန်း၏ ရှေ့တွင် ရှေ့ဆက်၍ မနေဝံ့တော့ဘဲ လှစ်ခနဲ သူ့အိပ်ခန်း ဆီသို့ ပြေးထွက်ခဲ့တော့သည်။

" ဟူး..... "

ဦးမျိုးထွန်းသည် ဟူးခနဲလေကို မှု တ်ထုတ်ပြီး ခေါင်းယမ်းကာ ဆိုဖာတစ်လုံးပေါ်သို့ သူ့ကိုယ်ကြီးကို ပစ်ချ၍ ထိုင်လိုက်သည်။

သူသည် နောက်မှီတွင် ဦးခေါင်းကို မှော့လှန်၍ မျက်စိများ ကို တင်းကျပ်စွာ မှိတ်ထား၍ နေ၏ ။

ရင်တွင် ဗလောင်ဆူ တင်းကျပ်နေမှု ကို ဦးမျိုးထွန်းခမျာ ထိထိမိမိကြီး ခံစား၍ နေရပေ၏ ။

ဤသို့ ဖြစ်ပျက် ခံစားရသည်မှာ သူ့တွင် သမီးမေမျိုးဇင်နှင့် သား အောင်မျိုးလတ်တို့ကို ရလာ ကတည်းက ဖြစ်သည်။

သူတို့ကလေးတွေ ငယ်တုန်းကလည်း ငယ်သေးသည့်အလျှောက်...

စားရေး သောက်ရေး နေထိုင်ရေး နှင့် ကျန်းမာရေး အတွက် အပူသောက်ရှိခဲ့ရ၏ ။

တဖြည်းဖြည်းနှင့် တသွေးတမွေးကြီးပြင်းလာကြပြန်သော အခါလည်း...

" ငါ မျှော်မှန်း ရည်ရွယ်ထားသလို သားနဲ့ သမီးပညာရည်မှ ချွန်ပါ့မလား၊ ဘဝမှာ အထွက်အထိပ် ကိုမှ ရောက်ကြပါမလား၊ ပတ်ဝန်းကျင် အလယ်မှာ တင့်တယ်ကြပါ့မလား၊

အခွင့်ထူး အခွင့်ကောင်းများ မှ ရကြပါ့မလား "

စသည် စသည်ဖြင့် တွေးပူကြောင့်ကြ ခဲ့ရသည်။

တစ်ခါတစ်ခါကျပြန်တော့လည်း.....

" အို.... ဒါတွေ ငါတွေးပြီး ဘာ ဖြစ်လို့ စိတ်အပင်ပန်း ခံနေရတာ လဲ၊ ငါက သူတို့ကို မွေးထုတ်ထား တဲ့အဖေပဲ၊ ငါ့စီမံတာကို နာခံပြီး ငါ ဖြစ်စေချင်တဲ့အတိုင်း ငါ ဖြစ်အောင်လုပ်ခိုင်းရမှာ ငါ့တာဝန်ပဲ၊ ငါ့သားနဲ့ သမီးဟာ ငါ့ခြေရာကို နင်းနိုင်ရမယ်၊ လူပေါ်လူတော် ဖြစ်ကို ဖြစ်ရမယ် "

ဤသို့ တစ်ကိုယ်တည်းလည်း ကြိမ်းလိုက်ဝါးလိုက် ဖြစ်ခဲ့ရသည့် အကြိမ်ပေါင်းက အသင်္ချေရှိခဲ့၏ ။

ခုအထိတော့ သူခဲလေသမျှ သဲရေကျပမာသာ ဖြစ်နေရသဖြင့် ဦးမျိုးထွန်းမှာ မချင့်မရဲစိတ်တွေ ကြီး ပြီး ဒေါသကမ္ဘရကြီး ဖြစ်၍ နေရတော့ပြီ။ ယခုအချိန်တွင် သူ့အတွက် ငွေဆိုသည်မှာ အလကား...

ဆက်သက်မက် ထိုင်စားနိုင်လောက်အောင် ရှိနေ၏ သူ လိုချင်သည်မှာ ဂုဏ်။

ဂုဏ်ဆိုသည်မှာ လည်း အခြားသော ဂုဏ်မဟုတ်။

ပညာဂုဏ်တစ်ခုတည်းသာ ဖြစ်၏ ။

သမီးက ဆရာဝန်မကြီး။

သားက အင်ဂျင်နီယာကြီး။

သူ့ ဘဝတွင် မပြည့်စုံခဲ့သော သည်ပညာဂုဏ်ကို ဦးမျိုးထွန်းသည် သားနှင့် သမီးကို မှီ၍ ခံစားချင် လှ၏ ။

သို့ သော် ...

သူတို့လေးတွေ ထင်တိုင်း မပေါက်မြောက်ခဲ့ကြပါ။

မည် မျှပင် မိမိက ပံ့ပိုး၍ ဖိအားပေးခဲ့သော်လည်း သူတို့၏ ဘဝကို အဆုံးအဖြတ်ပေးမည့် ဆယ်တန်း အောင်မှတ်များ က အနိမ့်ဆုံးနေရာတွင် သာ ရှိခဲ့ကြသည်။

တက္ကသိုလ်ဝင်တော့ သမီးက ရုက္ခဗေဒ။

သား အောင်မျိုးလတ်က စိတ်ပညာ။

ဦးမျိုးထွန်းသည် သူထင်တိုင်းမပေါက်သဖြင့် တစ်ကိုယ်လုံး နတ်ကျသလို တဆတ်ဆတ်တုန်ခဲ့ ရသည်။

မိခင်ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ အတင်းဖက်တွယ်ထားနေသော သမီး ဖြစ်သူကို ရိုက်သတ်ပစ်ချင် လောက်အောင် ဖြစ်မိနေ၏ ။

ဇနီးသည်က သမီးကို ပွေ့ဖက်ထားပြီး သူ့ပင်ကိုယ်သဘာဝ လေပြည်ကလေးဖြင့် တောင်းပန်ရှာပါ သည်။

" တော် ပါတော့ ကိုမျိုးရယ်၊ သူတို့ ပါရမီနည်းကြ တာကိုလဲ ရင်ထည့်တွက်ပါဦး "

" ဘာ..... ဘာပါရမီလဲ၊ ဘာပါရမီလဲဟင်.... မဦး၊ ငါအသုံးမကျတာ ညံ့ဖျင်းတာ၊ လုံ့လဝီရိယအား ထုတ်မှု နည်းတာ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားပြီး အချိန်နဲ့ ငွေ ပစ်စလက်ခတ်ဖြုန်းတီးပစ်တာ၊ ကားတဝီဝီနဲ့ သွားလိုက် ရတဲ့ ကျူရှင်၊ သုံးလိုက်ရတာ အသုံးစရိတ်တွေ ၊ ထွီ... ကုမ္ပဏီက ညစောင့် မောင်ထွန်းသမီးကို ခြေဖျားတောင်မမီဘူး၊ တစ်နေ့တစ်နေ့ ကန်စွန်းရွက်ပြုတ်နဲ့ ငါးပိရည်ကျိုပဲစားနေရတဲ့ ကလေးမက ခု ဆေးကျောင်းတက်ခွင့် အမှတ်မီတယ်၊ အဲဒါ ခင်ဗျားသိသလား ဒေါ်ခင်အေးဦး ခင်ဗျားသိသလား နေရာ တကာခင်ဗျား သူတို့ရှေ့ကကာဆီးကာဆီး လုပ်မနေနဲ့ တစ်နေ့ ခင်ဗျားကြပ်ကြပ်ဒုက္ခတွေ့မယ်....ဟင်း..."

ဒေါ်ခင်အေးဦးဘက်သို့ မြားဦးက လှည့်လာသဖြင့် ဒေါ်ခင်အေးဦးသည် သူ့ရင်ခွင်ထဲက သမီး၏ ဦးခေါင်းတွင် သူ့ဦးခေါင်းကို ကပ်ကာ တအစ်အစ် အသံထွက်၍ ငိုပါတော့သည်။

ဤသို့ သားနှင့် သမီးကိစ္စအတွက် ဒေါ်ခင်အေးဦးငိုခဲ့ရသည်မှာ

အိမ်ထောင်သက်တမ်းတစ်လျှောက် မနည်းတော့ပါ။

တကယ်တော့ ဦးမျိုးထွန်းသည် မျိုးရိုးစဉ်ဆက် ဆင်းရဲနွမ်းပါးခဲ့သူများ ထဲက တစ်ယောက် ပါ။

မိခင်က အကြော်သည်၊ သားက ရွာရိုးလျှောက်အကြော်ရောင်း၍ ဝမ်းစာရှာခဲ့ရသော ဘဝမှာ နေခဲ့ရ သူပါ။

သို့ပေမယ့် ငယ်စဉ်ကတည်းက ထွန်းကလေးသည် စူးစမ်းလိုစိတ်၊ တီထွင်ကြံဆလိုစိတ်၊ ပညာသင်လိုစိတ်၊ ကြီးပွားချမ်းသာလိုစိတ်တွေ အပြည့်ရှိခဲ့သည်။ ဘဝကံအကြောင်းတရားက မလှသဖြင့် ရွာဦးကျောင်း ဆရာတော် ၏ အဆုံးအမ သွန်သင်မှု အောက်တွင် သာ မွေ့လျော်နေခဲ့ရ၏ ။

ဆရာတော် ဘုရားကြီးကလည်း ထွန်းလေး၏ ရုပ်လက္ခဏာကို ကြည့်ပြီး တစ်နေ့မှာ ကောင်းစား လိမ့်မည် ဟု ယုံကြည်နေမသည်။

သည်လိုနှင့် ထွန်းလေးသုံးနှစ် သားတွင် မိခင်ဒေါ်ရွှေမှု ၏ မျက်စိကြခတ်ရုံနားတွင် ကြခတ်ဆူးနှင့် ခတ်မိသဖြင့် မျက်စိကွယ်ရတော့မည့် အခြေအနေသို့ ရောက်ရှိခဲ့၏ ။

ဤတွင် သည်သားအမိအပေါ် အလိုလို သံယောဇဉ်ကြီးမားနေသော ရွာဦးကျောင်းဆရာတော် ဘုရားကြီးက ရွာကျောင်းကို ပြုပြင်ဖို့ ရောက်ရှိလာသော မြို့ က ဒကာကို ဒေါ်ရွှေမှု အတွက် အကူအညီ တောင်းခံကြည့်လိုက်သည်။

အဆောက်အအုံ ကန်ထရိုက်တာ ဦးဘဘွားသည် စေတနာ သဒ္ဓါတရားထက်သန်ပြီး အများ အကျိုး ကူညီသယ်ပိုးတတ်သူ တစ်ယောက် မို့ ဆရာတော် ၏ ဆန္ဒကို ဖြည့်ဆည်းပေးသည့်။ ဒေါ်ရွှေမှု ကို ဆေးဝါးကုသပေးရန် ရန်ကုန်မြို့ သို့ ခေါ်ဆောင်လာခဲ့သည်။

ဒေါ်ရွှေမှု နောက်သို့ ထွန်းကလေးလည်း လိုက်ပါလာခဲ့ရသည်။

ထွေန်းကလေးသည် အဆောက်အအုံ ကန်ထရိုက်တာကြီး၏ ကြွယ်ဝချမ်းသာမှု နှင့် အဆင့်မြင့် နေထိုင်မှု များ ကို တွေ့မြင်ရသော အခါ ငယ်စဉ်ကတည်းက တပ်မက်မှု ရှိခဲ့သည့် ဆန္ဒများ သူ့တွင် ပို၍ ကြီးထွားလာရတော့သည်။

" ငါလဲ ဘဘဦးဘဘွားလို တစ်နေ့ ချမ်းသာရမယ် ဒီလို တိုက်ကြီးမျိုး ကားကြီးမျိုးနဲ့ နေနိုင်ရအောင် ပိုက်ဆံတွေ အများ ကြီး ရအောင်ရှာမယ်၊ အမေကိုလဲ ဆေးကုမယ်၊ ကောင်းကောင်းလဲ ထားမယ်"

" ဟော့...... ဖိုးထွန်းလေး ဘာတွေ များ တွေးပြီးငေးငိုင်နေတာလဲကွ ဟင် "

" ကျွန်တော် ဘယ်လိုပိုက်ဆံရှာရင်ရမလဲလို့ စဉ်းစားနေတာပါ ဘဘဘွား "

" မင်းအရွယ်က ပိုက်ဆံရှာရမယ့်အရွယ်မှမဟုတ်တာပဲ ပညာသင်ရမယ့်အရွယ်ကွ....."

" ဒါကိုကျွန်တော် သိပါတယ်၊ ပညာလဲ ကျွန်တော် သိပ်သင်ချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် တို့က ဆင်းရဲသားတွေ "

" အဲဒီ တော့ "

" ရရာ အလုပ်တစ်ခုခုလုပ်ပြီး ပိုက်ဆံရတော့မှ တစ်ဘက်တစ်လမ်းက ပညာသင်ရင် ကောင်းမလား လို့စဉ်းစားနေတာပါ ဘဘဘွား "

လူကြီးလေးလို ပြောနေသော ထွေန်းလေးအား ဦးဘဘွားက ကြည့်ကာ သဘောကျပြီး ......

"အဟင်း .... ဟင်း .... ဟင်း ဆိုပါဦး၊ မင်း အရွယ်ကလေးနဲ့ ဘာအလုပ် လုပ်မယ် စိတ်ကူးသလဲ ဟင်"

" ဘဘဘွားရဲ့ တိုက်ဆောက်တဲ့ လုပ်ငန်းမှာ ကျွန်တော် အလုပ်ကြမ်း ဝင်လုပ်ချင်ပါတယ်၊ အုတ်ခဲ လေးလုံး ငါးလုံးလောက်တော့ ကျွန်တော် အသာလေး သယ်နိုင် ပြုနိုင်ပါတယ်။ ဘဘဘွား ကျွန်တော့်ကို ခိုင်းမလား ဟင်"

“နေပါဦး၊ မင်း အလုပ်လုပ်လို့ ပိုက်ဆံတွေ ရလာရင် ဘာလုပ်မလဲ ဘဘဘွားကို ပွင့်ပွင့်လင်းလင်း ပြောစမ်း”

“အား ..... လုပ်စရာတွေ အများ ကြီးရှိတယ်၊ ကျောင်းတက်မယ်၊ ကျောင်းသွားဖို့ ကားဝယ်မယ်၊ အမေ့ကို တိုက်အိမ်လှလှလေး ဆောက်ပေးပြီး အိမ်ဖော်တွေ နဲ့ မေမေကြီး ဒေါ်သူဇာနေသလို ထားမယ်၊ အဲဒါတွေ ကျွန်တော် လုပ်မှာ ”

ဦးဘဘွာယးက သူ့မိခင် ဒေါ်သူဇာ နေရာမျိုးတွင် ငထွန်းလေးက သူ့မိခင် ဒေါ်ရွှေမှုံကို ထားလို ကြောင်းအားပါးတရ ပြောဆိုလာသံကို ကြားရသော အခါ ရင်တွင် အတိုင်းမသိ ကျေနပ်အားရမှု တွေ ခံစား လာရ၏ ။

သူကိုယ်တိုင်လည်း မိခင် မုဆိုးမကြီးကို ဘုရားနှင့် တစ်ဂိုဏ်းတည်းထားပြီး ရှိသေကျိုးနွံစွာ ဖြင့် ပြုစု စောင့်ရှောက်ထားခဲ့လေသည် မဟုတ်ပါလား။

လူကြီး၏ အရိပ်အကဲကိုသိပြီး လိမ္မာပါးနပ်မှု ရှိလှသော ငထွန်းကလေးကို အများ ကချစ်ခင်ကြ သော်လည်း သူ့မိခင် ဒေါ်သူဇာက သိပ်အရေး မပေးလှပေ။ ရှုပ်ရှုပ်ရက်ရက်တွေ အိမ်ထဲခေါ်သွင်းလာသည် ဟု သားကို အပြစ်တင်၏ ။ သို့ သော် လည်း နောက်ဆုံးတွင် တော့ ဦးဘဘွားသည် ငထွန်းလေးကို အိမ်နောက်ဖေး အိမ်ဖော်တန်းလျားဆီမှ သူ၏ “သီရိဝေ” အိမ်ကြီးပေါ်သို့ ခေါ်တင်လာခဲ့သည်။

သည်နေ့မှာ ပဲ ငထွန်းလေး၏ အမည် မှာ မျိုးထွန်း ဖြစ်လာပြီး၊ မျိုးထွန်းသည် လူပျိုကြီး ဦးဘဘွား၏ ကိတ္တိမသား ဖြစ်လာပါတော့သည်။

မျိုးထွန်းလေးသည် သူ့ကို မျက်နှာသာ မပေးသော ဒေါ်သူဇာကို အလွန်အောက်ကျခံ၍ အရွယ်နှင့် မလိုက်အောင် သည်းခံခဲ့ရှာ၏ ။

အလိုမကျ ရိုက်မောင်း၊ ပုတ်မောင်းပြုလည်း ခေါင်းတွင် တွင် ငုံ့ကာ အံတင်းခံခဲ့ပြီး ဦးဘဘွား သင်ကြားပေးသော ပညာကို အပတ်တကုတ် ကြိုး စားအားထုတ်၍ ယူခဲ့ပါသည်။

တစ်နေ့ငါကြီးပွား ချမ်းသာရမည် ဟူသော စွဲလုံ့လသံဓိဋ္ဌာန်ဖြင့် အခက်အခဲမှန်သမျှကို ခါးစည်းခံကာ ပညာကို သင်ယူနေစဉ် သူ့ဆယ်တန်း အရောက်တွင် မွေးစားဖခင်ကြီး ဦးဘဘွားသည် ရုတ်တရက် သေဆုံး သွားခဲ့ရှာ၏ ။

မီခိုအားထားရာ တံတိုင်းကြီး ပြိုလဲသွားရလေပြီဟု ပထမတွင် မျိုးထွန်း တစ်ယောက် ဆောက်တည် ရာမရ ဖြစ်ခဲ့ရသော် လည်း၊ နောက်ပိုင်းတွင် တော့ ဦးဘဘွား၏ မပြီးမပြတ်သော လုပ်ငန်းဆောင်တာများ ကို သူ့တွင် ဆက်လက်လုပ်ဆောင်ပေးရမည့် တာဝန်တွေ ရှိလာသဖြင့် သူ့စိတ်ကို သူဖြေပြီး ဦးဘဘွား၏ မိခင်က လစာသတ်မှတ်ပေး၍ ခိုင်းသော အလုပ်ကို သူ ဆက်လုပ် လာရသည်။ သည်အလုပ်ကို မှီခွင့်ရလိုက်သဖြင့် မျ ုးထွန်းခမျာ အသက်ရှူချောင်ခဲ့ရပါသည်။

ဦးဘဘွား၏ လုပ်ငန်းဆောင်တာများ ကို ဝင်ပြီး ပခုံးလွှဲယူခဲ့ရသည်မို့ မိမိရည်မှန်းထားသော ပညာ ရေး ဘက်တွင် မျိုးထွန်း တစ်ယောက် အားနည်းခဲ့ရသည်။

“အင်း .... ဒီလောက်နဲ့တော့ မတင်းတိမ်နိုင်ပါဘူး၊ တစ်နေ့ အခွင့်အရေး ပြန်ရရင် ငါ့ပညာရေး ကို ပြန်ဆက်ပြီးရယူမယ်”

အမြဲတမ်း၊ သည်စိတ်ကို နှလုံးသွင်းထားပြီး မျိုးထွန်းသည် ဦးဘဘွား၏ လုပ်ငန်းကို အကျိုးဆောင် ပြုလုပ်ပေးရင်းက အသက်တွေ ရလာသဖြင့် သူ့ကိုယ်တိုင်လည်း အုတ်သဲကျောက်၊ သစ် စသည် ပစ္စည်းများ ကို ကိုယ်စားလှယ် ယူလုပ်ကိုင်လာခဲ့သည်။

မ ဖြစ်မနေ ကြိုး စား အားထုတ်မှု ကြောင့် မျိုးထွန်းသည် နောက်ဆုံးတွင် ကြိုး စားအားထုတ်ရခြင်း၏ အနှစ် အရသာရလဒ်ကို ရရှိခဲ့ပြီး၊ လူချမ်းသာကြီး တစ်ဦး ဖြစ်ခဲ့ရသည်။

သူ့ဘဝ တစ်လျှောက်လုံးတွင် ဤသို့ ချမ်းသာအောင် မည် သို့ လှုပ်ရှားခဲ့ရသည်ကို ကာယကံရှင် ဦးမျိုးထွန်းသာလျှင် အသိဆုံး ဖြစ်ပါ၏ ။

*

# အခန်း (၂)

ဘဝကို အနိုင်ယူ၍ အောင်လံထူနိုင်ခဲ့သော ဦးမျိုးထွန်းသည် သူ့သားနှင့် သမီးကိုလည်း သူ့ခြေရာ ကိုနင်းစေချင်၏ ။

သားနှင့် သမီးက သူနှင့် ဆန့်ကျင်ဘက် လမ်းဆီသို့ သာ တာစူ၍ ပြေးနေကြသဖြင့် ဦးမျိုးထွန်း တစ်ယောက် ဒေါသကမ္ဘာရကြီး ဖြစ်၍ နေရပေ၏ ။

ဦးမျိုးထွန်း နာရီကို လှမ်းကြည့်လိုက်သည်။

အချိန်က သန်းခေါင်ပင် ကျော်ပါလေပြီ။ သို့တိုင် သားအောင်မျိုးလတ်က အိမ်သို့ ရောက်မလာသေး ပါ။

"တရားလွန်ပြီ၊ ဒီကောင် တရားကို လွန်လွန်းနေပြီ၊ ဒီကောင်ကို ပြင်းပြင်းထန်ထန်ကို ကြပ်မတ်ရ တော့မယ် မ ဖြစ်ဘူး မ ဖြစ်ဘူး"

လက်သီး တစ်ဆုပ်ဆုပ် ခေါင်းတယမ်းယမ်းပြုရင်း ဦးမျိုးထွန်း၏ မျက်နှာကြီးက ကြောက်မက်ဖွယ် ရာ ခက်ထန်၍ နေ၏ ။

သည်ညသာ အောင်မျိုးလတ် အိမ်ပြန်လာလျှင် ယမ်းပုံကြီး မီးရှို့လိုက်သည့်ကဲ့သို့ မျိုးထက်ဆွေ အိမ်ကြီးမှာ လောင်မီးကျ၍ ပေါက်ကွဲကုန်တော့မည် မှာ သေချာလှသည်။

တရွေ့ရွေ့သာ အချိန်တွေ ကုန်ဆုံးသွားပြီး အောင်မျိုးလတ်က ရောက်မလာသဖြင့် နောက်ဆုံး တော့ ကုလားထိုင်ပေါ်တွင် သူ့ကိုစောင့်ရင်း ဦးမျိုးထွန်း အိပ်ပျော်သွားခဲ့သည်။

အောင်မျိုးလတ်ကလည်း လူပါး၊ မနက် စောစော အရုဏ်မတက်မီ နိုးလေ့နိုးထရှိသော မိခင်ထံသို့ ဖုန်းဆက်ပြီး ညက သူ့ သူငယ်ချင်း မွေးနေ့ရှင်တစ်ဦး၏ အိမ်တွင် ကူညီလုပ်ကိုင်ပေးရင်းက ညဉ့်နက်သွား၍ အိမ်သို့ ပြန်မလာကြောင်း ပြောခဲ့သည်။

"မင်း ဖေဖေ သိပ်စိတ်ဆိုးနေတယ် သား၊ သူအလုပ်သွားမှပဲ ပြန်လာတော့

မေမေတော့ အရမ်းစိတ် ညစ်တယ် မင်းနဲ့ မျက်နှာချင်းဆိုင်မိရင်တော့ မလွယ်ဘူးထင်တယ်”

“ဒါဆို သား နေ့ခင်းမှပဲ ပြန်လာတော့မယ်”

“အေး ...... အေး”

ဒေါ်ခင်အေးဦးက ပြဿနာ တိုး၍ ကြီးမလာအောင် လုပ်ဆောင်လိုက်ရသည်။

ညက အအိပ် ညဥ့်နက်သွား၍ နံနက် ခုနစ် နာရီကျော်ကျော်မှ ဦးမျိုးထွန်း အိပ်ရာက နိုးလာသည်။

“မဦး ...”

သူသည် ဆတ်ခနဲ နိုးထလာပြီး တိုင်ကပ်နာရီဆီသို့ ကြည့်ကာ ကြောက်ခမန်းလိလိ အသံကြီးဖြင့် ဇနီးသည်ကို ခေါ်လိုက်သည်။

“ရှင် .... လာပါပြီ ကိုထွန်း”

လဲပြိုလုမတတ် ကတိုက်ကရိုက် လျှောက်ကာ ခင်ပွန်းသည်ထံပါးသို့ ဒေါ်ခင်အေးဦး ရောက်ခဲ့ပါ သည်။

“ဘယ်မှာ လဲ မင်းသား ငအောင်”

“သူ ... သူ ညက မင်းဆက်တို့အိမ်မှာ အိပ်တယ် ပြန်မလာဘူး ရှင့်”

“မင်း ဘယ်လိုသိလဲ ကျုပ်ကို မညာနဲ့နော် မဦး”

“မညာဝံ့ပါဘူးရှင်၊ မညာဝံ့ပါဘူး ရှင့်ကို ကြောက်ပြီးသားပါ၊ ဒီမနက် အရုဏ်တက်က ရှင့်သား ဖုန်း ဆက်ပြောလို့ ကျွန်မလဲ သိရတာ ပါ”

“ခွေးကောင် အိမ်မရှိယာမရှိ ကလေကဝကျနေတာပဲ၊ တောက် ... ဘယ်နေရာမှ စိတ်နဲ့ မတွေ့ပါ ဘူး”

“ရှင်ကလဲ စိတ်ကို လျှော့စမ်းပါ၊ သားက မင်းဆက်မွေးနေ့မို့ ကူလုပ်နေလို့ ပြန်မလာ”

"တိတ် မင်းတိတ် ရှေ့နေ လိုက်မနေနဲ့ မင်းကြောင့် ဒီကလေးနှစ် ကောင် ပိုပျက်တာ၊ ကျုပ်ကနိမ့် ခင်ဗျားက လိုက်ဖာနဲ့ ခင်ဗျားကြပ်ကြပ် သတိထား ဒီနှစ် ကောင် ထိန်းမရရင် ခင်ဗျား တရားခံပဲ"

"ရှင် ... ရှင် ... ကြောက်ပါပြီလို့ အညှံ့ခံနေတဲ့ ကျွန်မကိုပဲ ဖိထောင်းနေ ကောင်းပါတယ်၊ ကောင်းပါ တယ်၊ ဆုတောင်းကလဲ ပြည့်ပဲ မပြည့်နိုင်ဘူး"

"တယ် .... ဒီမိန်းမ လျှာကြော ရှည်လိုက်တာ ငါလုပ်ပစ်လိုက် ရရင်တော့"

"ရှင် .... ရှင် ဒီလောက်မှ ဖြစ်နေရင် လုပ်စမ်းပါ၊ သတ်မလို့လား သတ်ပစ်လိုက် သေရင် ဝဋ်ကျွတ် တာပဲ"

သားနှင့် သမီး ကိစ္စက စ,လိုက်လျှင် နောက်ဆုံးတော့ လင်မယားရန်ပွဲဖြင့် အဆုံးသတ်ရတော့သည်။

တရှုံ့ရှုံ့ငိုနေသော ဇနီး ဖြစ်သူကို ခါးခါးသီးသီးတစ်ချက်ကြည့်ပြီး ဦးမျိုးထွန်းသည် နေရာမှ ခြေလှမ်း ကျယ်ကြီးဖြင့် ထွက်ခွာသွား၏ ။

မကြာမီ သူသည် ဘာမျှမစားမသောက်ဘဲ ရေချိုး အဝတ်အစားလဲကာ ကားကို ခပ်ကြမ်းကြမ်း မောင်း၍ မျိုးထက်ဆွေ ခြံဝင်းကြီးထဲမှ မောင်းထွက်သွားတော့သည်။

မေမျိုးဇင်သည် ဖခင်၏ ကား ခြံဝင်းကြီးထဲမှ လုံးလုံးလျားလျား ပျောက်ကွယ်သွားတော့မှ သူ့အိပ် ခန်းတံခါးကို အသာဖွင့်ကာ အိမ်ရှေ့သို့ ထွက်ခဲ့သည်။

ဒေါ်ခင်အေးဦးသည် ငိုရှိုက်နေရာမှ သမီး ဖြစ်သူ၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။

"အောင်က ဘာ ဖြစ်လို့ ပြန်မလာတာတဲ့လဲ မေမေ"

"မင်းဆက် မွေးနေ့အတွက် ကူလုပ် ပေးနေလို့လို့ ပြောတာပဲ"

"ဖေဖေကလဲ လွန်ပါတယ်၊ တခြား မဟုတ်တာလျှောက်လုပ်နေတာမှ မဟုတ်ဘဲ၊ ဒီလိုသာ လိုက်ကျပ်နေရင် အောင်က ဖိလေ ကဲလေ ဖြစ်မှာ သေချာတယ်"

"သူ့အပြစ်လဲရှိတာပဲ၊ မိန့်ဘနဲ့ ဥစ္စာ စိတ်ပူမှာ မသိဘူးလား၊ စောစောကတည်းက ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောသင့်တာပေါ့ သမီးရဲ့ "

မေမျိုးဇင် နှုတ်ဆိတ်သွား၏ ။

"သမီး ညည်းလဲ သတိထားဦး၊ အိမ်ပြန်နောက်မကျနဲ့၊ မေမေ သူနဲ့ အချင်းပွားရတာ စိတ်ညစ်လွန်း လို့ပါအေ"

"သမီးဘက်လှည့်မလာနဲ့ မေမေ သမီးဘာမှ မဟုတ်တာလုပ်နေတာ မဟုတ်ဘူး"

"ညည်းမှာ သိပ်အပြစ်ကြီးနေပြီ မေမျိုးဇင်"

"ဟင် .... သမီးက ဘာလုပ်နေလို့လဲ မေမေ"

"မိဘ နောက်ကွယ်မှာ ညည်းကျူး လွန်နေတဲ့ အပြစ်ရှိတဲ့အပြင် မိဘကို ညာလိမ်နေတဲ့အပြစ်က ထပ်ပိုနေပြီ၊ ညည်းကောင်လေး တစ်ယောက် နဲ့ တတွဲ တွဲ လုပ်နေတယ်ဆိုတဲ့ သတင်း မေမေသိထားတယ်"

"ဟင် ....."

မေမျိုးဇင်၏ မျက်လုံးများ ပြူး ထွက်လာတော့သည်။

"ဒီအကြောင်းကို ညည်းအဖေ သိရင်တော့လား မောင်ငွေးလှိုင်နဲ့ ညည်းကို ချက်ချင်း ပေးစားလိုက် မှာ သိလား"

မေမျိုးဇင်သည် ငွေးလှိုင်ဟူသော အမည် ကို ကြားလိုက်ရသည်နှင့် တစ်ကိုယ်လုံး တောင့်ခနဲ ဖြစ် သွား၏ ။

"ညည်း အလိမ္မာမဖက်တတ်ရင်တော့ မေမေလဲ ဘာမှမတတ်နိုင်ဘူး မေမျိုးဇင်"

ဒေါ်ခင်အေးဦးသည် မျက်ဝန်းက သူ့မျက်ရည်တွေ ကို သုတ်ရင်း ထိုင်ရာမှ သူ့အိပ်ခန်းဆီသို့ ထ,ထွက်သွားတော့သည်။

*

"ဒီအကြောင်းတွေ မေမေ ဘယ်လို သိသွားတာလဲ ဒုက္ခပဲ ငါဘယ်လိုလုပ်ရမလဲ"

မေမျိုးဇင်၏ ဦးနှောက် မီးတောက်ပါလေပြီ။

"မ ဖြစ်ဘူး၊ မ ဖြစ်ဘူး မောင်နဲ့တော့ ကြိုကြိုတင်တင် တိုင်ပင်ထားမှ ဖြစ်မယ်၊ ဒီငွေးလှိုင်ဆိုတဲ့ လူကြီး ကိုတော့ ငါ ဘယ်နည်းနဲ့မှ မယူနိုင်ဘူး မယူနိုင်ဘူး"

မေမျိုးဇင်သည် သည်နေ့တွင် ပင် ကလပ်ဖျက်၍ ကျောင်းရှေ့က ပန်းခြံထဲတွင် ချစ်သူနှင့် ခေါင်းချင်း ရိုက်၍ တိုင်ပင်မှု တွေ ပြုပါလေ၏ ။

"ချစ် သိပ်စိတ်မပူပါနဲ့ တကယ် ကျဉ်းထဲကျပ်ထဲကျလာရင်တော့ မောင်နဲ့ချစ် ထွက်ပြေးကြတာပေါ့"

"မေမျိုးတို့ လက်ဦးဖို့ လိုတယ်မောင်၊ ဖေဖေက မလွယ်ဘူး"

"ချစ်ရာ မောင်တောင် အရမ်းစိတ်ပူလာပြီ ဘာဘာညာညာ ရှည်ရှည်ဝေးဝေးတွေ သိပ်မတွေးဘဲ၊ ဒီနေ့ပဲချစ် မောင့်နောက် လိုက်ခဲ့ပါလား ဟင်"

မေမျိုးဇင် တွေ ခနဲ ဖြစ်သွားသည်။

"ချစ် သတ္တိမရှိဘူးလား ဟင်။ ချစ် သတ္တိမရှိရင် ချစ် ပြောသလို ချစ်ဖေဖေက လက်ဦးသွားမှာ ပဲ၊ ဒီကိုငွေးလှိုင်ဆိုတဲ့လူ နောက်တော့ ချစ်ကို မောင် အပါမခံနိုင်ဘူးချစ်ရာ"

"မေမျိုးလဲ သူ့နောက် မပါချင်ပါဘူး၊ ဒီမျက်နှာရှုးကြီးကို မေမျိုး သိပ်မုန်းတယ်၊ ဘွဲ့ရတဲ့အထိ သူက မစောင့်ချင်ဘူး၊ ခုကတည်းက လက်ထပ်ပေးထားပါလို့ သူ့အဖေကို အတင်းပူဆာနေတာ၊ မေမျိုးက ဘွဲ့မရ ခင် မယူနိုင်ဘူးလို့ ပြောထားလို့"

"ဟား .... စိတ်မောလိုက်တာ ချစ်ရယ်၊ မောင်တို့ကိစ္စ ဘယ်လိုများ ဒေါ်ဒေါ်သိသွားတယ် မသိဘူး"

"ဟုတ်တယ် .... အဲဒါကိုပဲ မေမျိုးလဲ အံ့ဩနေတာ"

“ဟော့ ....... မေမျိုး ... မေမျိုး”

“ဟင် ..... သန္တာ ပြုံး ပြုံး ပြုံပြုံနဲ့ ဘာ ဖြစ်လာတာလဲ”

“အရေး ကြီးလာလို့ပေါ့ဟဲ့၊ ဟိုမှာ နင့်လူကြီး ကျောင်းထဲမှာ နင့်ကို လိုက်ရှာနေတယ်၊ မျက်နှာလဲ မကောင်းဘူး၊ ချယ်ရီတို့ကို ဟိန်းဟောက်ပြီး မေးနေတုန်း၊ ငါ လစ်ပြေးလာပြီး နင့်ကို သတိလာပေးတာ”

“ဟင် ... ဘယ်လို လုပ်ကြမလဲ မောင်၊ ဒါအခြေအနေတစ်ခုခုကို သိလို့ သူလိုက်လာတာပဲ ဖြစ်ရ မယ်”

“ဒါဆိုလဲ ရှည်ရှည်ဝေးဝေးတွေ ပြောမနေနဲ့ တစ်ခါတည်းသာ မောင့်နောက်ကို လိုက်ခဲ့တော့”

မေမျိုးဇင်သည် ချစ်သူခေါ်ရာ နောက်သို့ မတုန့်မဆိုင်းဘဲ လိုက်ပါသွားခဲ့တော့သည်။

ငွေးလှိုင်သည် နေကုန်သည်အထိ ကျောင်းရှေ့က မေမျိုးဇင်၏ အက်(စ်)အီးလီမိတက် ကာဖြူဖြူကလေးရှေ့တွင် စောင့်နေခဲ့ပြီး၊ နောက်ဆုံး အတွေးပေါက်ကာ ကားကို ဒေါသတကြီး ခြေထောက်ဖြင့် ကန်ကျောက်ပစ်လိုက်သည်။

သူသည် သူ့ကားတံခါးကို ဒေါနှင့် မောနှင့် ဖွင့်ပြီးကားပေါ်သို့ တက်ကာ တရကြမ်း မောင်းနှင်၍ ဦးမျိုးထွန်း၏ ကုမ္ပဏီဆီသို့ ရောက်ခဲ့သည်။

“ဟော့ .... မောင်ငွေးလှိုင် ဘာတွေ ဖြစ်လာတာလဲကွ၊ မင်းကို ကြည့်ရတာ တစ်မျိုးကြီးပါလား”

“ကျွန်တော် ပြောရမှာ တော့ အားနာတယ် အန်ကယ်ထွန်း၊ ဒါပေမယ့် မပြောလို့လဲ မ ဖြစ်တော့ဘူး၊ ဒီနေ့ မေမျိုးကျောင်းသွားပြီး ၊ကျောင်းမတက်ဘူး၊ ခုအချိန့်အထိလဲ သူ့ကားကို ကျောင်းရှေ့မှာ တွေ့ ခဲ့ရတယ်”

“ဟင် . . . ဘာပြောတယ်”

"ကျွန်တော် ပြောတာ အမှန်ချည့်ပဲ၊ မယုံရင် အန်္ကယ်ထွန်း လိုက်ကြည့်ပါ"

"နေဦးကွ"

ဦးမျိုးထွန်း အိမ်ကို ဖုန်းဆက်လိုက်သည်။

သမီး အိမ်ပြန်မလာကြောင်း သိရသည်။

ဒေါသများ ထိန်းချုပ်မရအောင် ဖြစ်ရပြီ။

" လာ ... ဒီခွေးမကို သွားစောင့်မယ်၊ ဘာလုပ်တယ်ဆိုတာ စောင့်ဖမ်းပြီး မင်းနဲ့ ချက်ချင်း ပေးစား လိုက်မယ် "

" ရှာလို့လဲ တွေ ချင်မှ တွေ ့မှာ ပါ အန်ကယ်ထွန်း "

" မင်း ဘာပြောလိုက်တယ် မောင်ငွေးလှိုင်၊ မတွေ ့လို့ ဒီကောင်မလေးက ဘယ်သွားနေမှာ မို့လဲ"

" အန်ကယ်ဦးမြင့်ဆောင်ရဲ့ သမီးကြီး ရီရီမြင့်က ပြောလို့၊ မေမျိုးမှာ သူ့သဘောနဲ့ သူ ချစ်ရမယ့်လူ ရှိနေပြီဆိုတာ ကျွန်တော် သိရပါတယ်၊ ဒါကြောင့် ဒီအကြောင်းဟုတ်မဟုတ် စုံစမ်းပြီး လိုက်တော့ သူ ကျောင်းမှာ ရှိမနေတော့ဘူး၊ သူ့လူက မထွန်းကားတဲ့ တီးဝိုင်း ခေါင်းဆောင် ဝေလင်းမောင် ဆိုတဲ့ လူပဲ အန်ကယ်"

" အို .... ဘာကောင်ပဲ ဖြစ် ဖြစ် ဒီဟာမကို တွေ ့အောင်ရှာမယ်၊ တွေ ့ရင်တော့လား မင်းနဲ့ ချက်ချင်း ကို ပေးစားပစ်လိုက်မယ်၊ ငါ့ကို ဒီလိုစမ်းလို့မရဘူး"

"အဟင်း ....ဟင်း..... ဟင်း ဆောရီးပဲ အန်ကယ် မိဘကွယ်ရာမှာ ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ မိန်းကလေး တစ်ယောက် ကို ကျွန်တော် ဘယ်လိုမှမယူနိုင်တော့ပါဘူး ကျွန်တော် ကို ခွင့်ပြုပါ"

"ဟော့ ..... မင်း ...... မင်း"

ဦးငွေးလှိုင်သည် ဦးမျိုးထွန်းကို လုံးဝမှ လှည့်မကြည့်တော့ဘဲ

ခြေလှမ်းကျယ်ကြီးများ ဖြင့် ရုံးခန်း အတွင်း းမှ ထွက်ခွာသွား၏ ။

မျက်နှာ အိုးမည်း ုသုတ်ခံရလေပြီ ဟူသော အသိက ဦးမျိုးထွန်း၏ အရှိုက်ကို တအားထိုးခြင်း ခံလိုက် ရသည်ကဲ့သို့ ဖြစ်သွားရပါတော့သည်။

တကယ်ပဲ မေမျိုးဇင်က ဝေလင်းမောင်နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့သည်မို့ ဦးမျိုးထွန်း ခဲလေသမျှ သဲရေကျ ဖြစ်ရပါလေပြီ။

မိမိ၏ ဩဇာ၊ မိမိ၏ အုပ်ချုပ်ထိန်းကျောင်းမှု ကို မနာခံလိုဘဲ မိမိထက်ပို၍ အားထားဟန်တူသော လူနောက်သို့ သမီး ဖြစ်သူက ကောက်ကောက်ပါအောင် လိုက်သွားလေပြီမို့ ဦးမျိုးထွန်းသည် သံမဏိ အသည်းဖြင့် သည်သမီးကို သေခန်း ရှင်ခန်း ဖြတ်လိုက်ပါတော့သည်။

စိတ်လိုက်မာန်ပါပင် သတင်းစာထဲတွင် အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာကိုလည်း ထည့်ပစ် လိုက်သည်။

“အိမ်မှာ တစ်ယောက် ကျန်သေးတယ်၊ ဒီကောင်လဲ ငါ့စကားကို မနာခံရင် သိပြီသာမှတ်”

သမီး မေမျိုးဇင်ကို မကျေနပ်စိတ်သည် နီးရာ သားအောင်မျိုးလတ်ပေါ်သို့ စုပုံရောက် သွားပါတော့ သည်။

*

သတင်းစာကို လက်နှစ် ဖက်ဖြင့် ဆုပ်ဆွဲပြီး ရင်ဘတ်တွင် ကပ်ငိုနေသော ဇနီးသည်ကလေးကို တွေ့ ့ရလျှင် သီချင်းတစ်ပုဒ် ရေး ဖွဲ့နေရာမှ ကလောင်တံကို ချပြီး ဝေလင်းမောင်သည် စိုးရိမ်စိတ်ကြီးစွာ ဖြင့် သူ့အနီးသို့ ရောက်လာခဲ့သည်။

“ချစ် .... ချစ် ဘာ ဖြစ်တာလဲ ဟင်၊ သတင်းစာထဲမှာ ဘာပါလာလို့လဲ”

"မောင် .... မောင် ဖတ်ကြည့်"

မေမျိုးဇင်က သတင်းစာကို ခင်ပွန်းသည်အား ပေးလိုက် သည်။

သတင်းစာတွင် ပါသော သမီးအ ဖြစ်က အမွေဖြတ်စွန့်လွှတ်ကြောင်း ကြော်ငြာကို တွေ့ရလျှင် ဝေလင်းမောင်သည် မျက်နှာကြီး ညှိုး ကျသွားပြီး ပင့်သက်ရှိုက်ကာ ဇနီးသည်ကလေး၏ မျက်နှာကို ကြည့်လိုက်သည်။

"သိပ်စိတ်မကောင်း ဖြစ်နေသလား ဟင် ..... ချစ်"

မျက်ရည်စို့စွတ်သော မျက်ဝန်းများ ဖြင့် သူ့အား ကြည့်နေသော ချစ်ဇနီးကလေးအား ဝေလင်းမောင် က အကြင်နာ လက်များ ဖြင့် ထွေးပွေ့လိုက်ရင်း မေးလိုက်သည်။

"မေ မေမျိုး ဝမ်းနည်းလွန်းလို့ပါ မောင်ရယ်"

"ချစ် .... ဘယ်လို ခံစားနေရတယ်ဆိုတာ မောင်သိပါတယ်၊ ကိုယ်ချင်းလဲ စာပါတယ်၊ ဒါပေမယ့် ချစ်ရယ် ..... စိတ်ကို ထိန်းပါ၊ ချစ်ပြောခဲ့တဲ့ စကားအတိုင်း မောင်နဲ့ ချစ်ဘဝကို သုညက စကြရအောင်နော်၊ မောင်တို့နှစ် ယောက် ခိုင်ခိုင်မြဲမြဲ လက်တွဲ ပြီး ဘဝတစ်ခု ထူထောင်ကြရအောင်ပါ၊ မိဘဆိုတာမျိုးကလဲ စိတ်ဆိုးတုန်း ခဏပါ၊ သားဆိုး သမီးဆိုး ပစ်ရိုးမရှိ"

"မထင်နဲ့မောင် .... မထင်နဲ့၊ ဖေဖေက သိပ်စိတ်ထန်တဲ့လူ၊ အတ္တကြီးတဲ့လူ၊ ဖေဖေ မေမျိုးကို ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူးဆိုတာ မေမျိုး သိတယ်မောင်၊ မေမျိုး ခုလိုလုပ်သွားတဲ့အတွက် မောင်လေးတော့ ပိုပြီး အဖိခံရတော့မှာ ပဲ၊ မောင်လေးကလဲ စိတ်ဆတ်တယ်၊ သူ့အတွက် မေမျိုး ပူမိတယ် မောင်"

ချစ်လင်၏ ရင်ခွင်တွင် ဦးခေါင်းကလေးကို ဖိကပ်၍ မေမျိုးဇင်သည် တရှုံ့ရှုံ့ ငိုပါလေတော့သည်။

"ချစ် .... ချစ် တိတ်ပါ ချစ်ရယ်၊ ချစ်ငိုတာ မောင်မကြည့်ရက်ဘူးကွာ"

ဝေလင်းမောင်သည် ချစ်ဇနီးကလေး၏ ဦးခေါင်းကို အကြင်နာများ စွာ ဖြင့် ညင်သာစွာ ပွတ်သပ်ပေး ရင်း နှစ် သိမ့်စကားတွေ ကို ဆီမန်း မန်းသည်သို့ ပြောကြားနေ၏ ။

ထိုစဉ် သူတို့နှစ် ဦးရှိနေသော အိမ်တန်းလျားကလေး ရှေ့သို့ မော်တော်ဆိုင်ကယ် တစ်စီး စုန်းခနဲ ထိုးဆိုက်လာသည်။

"ဟင် ..... မောင် ..... မောင်လေး"

မမျိုးဇင်သည် ဝေလင်းမောင်၏ လက်များ ကြားမှ ရုန်းထွက်ကာ လှေကားထစ်များ ပေါ်မှ ပြေးဆင်းလိုက်သည်။

ခေါင်းပေါ်မှ ဆိုင်ကယ်စီး ဦးထုပ်ကို ချွတ်ကာ ခေါင်းကိုတစ်ချက်ခါထုတ်ပြီး စူပုပ်နေသော မျက်နှာကြီးပြင့် အောင်မျိုးလတ်က အစ်မ ဖြစ်သူ၏ မျက်နှာကို တစ်လှည့်၊ တန်းလျား ဝရန်တာတွင် ရပ်လာသော ယောက် ဖ ဖြစ်သူ၏ မျက်နှာကို တစ်လှည့်ကြည့်လိုက်သည်။

"မောင် ..... မောင်လေး"

"မမမျိုး၊ နင် လုပ်သွားတာ သိပ်ကောင်းတယ်နော်"

"မောင်လေးရယ်၊ မမမျိုး ဒီလောက်ကြီး မြန်မြန်ဆန်ဆန် မောင့်နောက်ကို လိုက်ဖို့မဟုတ်ပါဘူး၊ မောင်နဲ့ မမမျိုး အကြောင်း မေမေ ဘယ်လိုသိသွားမှန်း မသိဘူး၊ ဟိုလူကြီးပါ မမမျိုးတို့အကြောင်း သိသွားတော့"

"သိမှာ ပေါ့ဗျာ၊ ကိုဌေးလှိုင်ကြီးကို မမရီရီမြင့်ပြောပြလိုက်တာ ဖြစ်မှာ ပေါ့"

"ဟင် .... ရီရီမြင့် ပြောလိုက်တာလား၊ ရီက ရက်စက်လိုက်တာ"

"သူက ဖေဖေတို့ မေမေတို့ လူပဲ ဥစ္စာ၊ မမမျိုး သိဖို့ကောင်းတာပေါ့"

"ဒါ သိပ်ခက်တဲ့ အလုပ်မဟုတ်ပါဘူးဗျာ၊ ဒါတွေ အသာထားစမ်းပါ၊ မမမျိုးမှာ ပိုက်ဆံရှိလား"

“မောင်လေး လိုနေလို့လားဟင်”

“အောင့်အတွက် မေးတာမဟုတ်ဘူး၊ မမမျိုး လိုနေမှာ စိုးလို့မေးတာ၊ ရော့ ဒါယူထား”

အောင်မျိုးလတ်က သူ့လက်က တစ်ကျပ်သားဟမ်းချိန်းကို ဖြုတ်ပြီး အစ်မဖြစ်သူ၏ လက်ထဲသို့ ထည့်ပေးရင်း ယောက် ဖ ဖြစ်သူကို တစ်ချက် မှု န်တေတေ မျက်နှာထားဖြင့် ကြည့်လိုက်သည်။

ကုတ်ထောက်နေသော ဆံပင်ရှည်ကိုနောက်တွင် စုစည်းထားပြီး လည်သာကျာကင် လည်သာ ဘောင်းဘီဖင်ကျပ်နှင့် နား၊ လည်ပင်း၊ လက်တို့တွင် ငွေကြိုး ၊ ငွေကွင်း၊ ရွှေမည် းပုတီးတွေ တို့လိုတွဲလောင်း ဝတ်ဆင်ထားသော ယောက် ဖကလေးကိုကြည့်ပြီး ဝေလင်းမောင်မှာ စိတ်အိုက်သွားမိသွားသည်။

“အင်း .... အောင်လေးရဲ့ ရုပ်ကလေးက သားသားနားနားကလေး၊ သပ်သပ်ရပ်ရပ်ကလေးသာ ဝတ်စားဆင်ယင်တတ်ရင် ဘယ်လောက်များ ကြည့်ကောင်းလိုက်မလဲ”

အောင်မျိုးလတ်သည် သူ့ကို မမှတ်မသုန် ကြည့်နေသော ယောက် ဖ ဖြစ်သူအား ခပ်မှု န်မှု န် မျက်နှာ ဖြင့် တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ သူ့ ယာမဟာ မော်တော်ဆိုင်ကယ်ကြီးကို စက်နှိုးလိုက်သည်။

“မောင် .... မောင်လေး ပြန်တော့မလို့လား”

“အင်းပေါ့”

“နေ .... နေပါဦးလားကွယ်”

နေမျိုးဇင်က မောင် ဖြစ်သူ၏ လက်ကောက်ဝတ်ကို လှမ်းကိုင်ပြီး ပြောလိုက်သည်။

“လာလုပ်မလို့လဲဗျ”

"မောင်လေးကို မမမျိုး ပြောစရာရှိ .... ရှိလို့ပါကွယ်"

"ပြောမှာ ဖြင့်လဲ ပြောဗျာ သွားစရာ ရှိသေးတယ်"

ဆိုင်ကယ်စက်ကို ပြန်ရပ်ထားပြီး စိတ်မရှည်ဟန်ဖြင့် အောင်မျိုးလတ်က ပြောလိုက်သည်။

"မောင်လေး ခါတိုင်းလို ညဥ့်နက်သည်အထိ လျှောက်မလည်နဲ့နော်၊ အိမ်ကို စောစောပြန်ပါ၊ အိမ်မှာ မေမေ တစ်ယောက် တည်းရယ်၊ သနားပါတယ်"

"အဟင်း .... မမမျိုးက မေမေ့ကို သနားတတ်တယ်ပေါ့၊ သနားလွန်းလို့ ဟိုလူ့နောက်ကို ကောက် ကောက်ပါအောင် လိုက်သွားတယ်ပေါ့၊ ဟုတ်လား မမမျိုး"

အောင်မျိုးလတ်၏ ထေ့ငေါ့သော စကားက မေမျိုးဇင်၏ ရင်ကို တင်းကျပ်၍ အသက်ရှူ မှာ းသွားစေ၏ ။ နှုတ်ကိုလည်း ဆွံ့အသွားသည်သို့ ဖြစ်စေလိုက်သည်။

"အဟင်း .... ကိုယ့်ကိစ္စပဲ ကိုယ် ပြောပါ မမမျိုး၊ အောင် ဘယ်လို နေရမယ်၊ ဘယ်လိုထိုင်ရမယ် ဆိုတာ အောင့်ဘာသာ အောင်ပဲ ဆုံးဖြတ်ချင်တယ်၊ အောင်လဲ ပူညံ့ပူညံ့နိုင်လွန်းတဲ့ မျိုး ထက်ဆွေ အိမ်ကြီး ကို စိတ်ကုန်နေတာကြာပြီဗျ"

သူ့စကားအဆုံးတွင် အောင်မျိုးလတ်သည် မော်တော် ဆိုင်ကယ်ကို စက်နှိုး၍ ရပ်နေရာမှ အရှိန်ပြင်း စွာ မောင်းနှင်ထွက်ခွာသွားတော့သည်။

လက်နှစ် ဖက်ကို ယှက်ဆုပ်၍ နှုတ်ခမ်းတွင် ဖိကပ်ထားကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျ၍ ကျန်ရစ်သော မေမျိုးဇင် အနီးသို့ ဝေလင်းအောင် ရောက်ရှိလာသည်။

"ချစ် ...."

မျက်ရည်တို့ဖြင့် အမြင်ဝါးနေသော မျက်ဝန်းများ ဖြင့် ဝေလင်းမောင်၏ မျက်နှာကို မေမျိုးဇင်က ကြည့်လိုက်သည်။

"မငိုပါနဲ့ ချစ်ရယ်"

ချစ်ဇနီးကလေး၏ ပါးပြင်နှစ် ဖက်ပေါ်မှ မျက်ရည်များ ကို အကြင်နာများ စွာ ဖြင့် သုတ်ပေးလိုက်သည်။

ပြီးတော့ ....

အသာ ဖေးမ တွဲခေါ်ကာ အိမ်တန်းလျားကလေးပေါ်သို့ ပြန်ခေါ်လာခဲ့သည်။

*

# အခန်း (၃)

သမီး မေမျိုးဇင်အပေါ် မကျေနပ်ခဲ့သမျှ စုပုံ၍ နီးရာသား အောင်မျိုးလတ်ကို ဦးမျိုးထွန်းက ဖိထောင်းသည့် အခြေအနေသို့ ရောက်ရှိလာသည်။

အောင်မျိုးလတ်ဆိုတဲ့ ကောင်ကလေးကလေ ထုလေ မာလေ ဖြေယ်လို ကောင်မျိုးလေး ဖြစ်၏ ။

ဖခင်နှင့် သူ့ဆန္ဒ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေကြသည့်ကြားတွင် မိခင် ဒေါ်ခင်အေးဦးမှာ မျက်ရည်နှင့်သာ မိတ်ဖွဲ့နေရ၏ ။

ဖိလွန်းတော့ ထောင်ဆိုသလို အောင်မျိုးလတ် တစ်ယောက် ဖခင်၏ သတ်မှတ်ထားသည့် စည်းကမ်းချက်များ ကို ဖောက်ဖျက်ကာ ညဥ့်နက်သည်အထိ အလည်ကျူး၏ ။

အိမ်က မော်တော် ဆိုင်ကယ် မစီးရ ဆိုတော့ ......

နာရီပိုင်းနှင့် ငှား၍ လည်းကောင်း၊ သူငယ်ချင်းအပေါင်းအသင်းတို့ ဆိုင်ကယ်နှင့်လည်းကောင်း၊ အကြောင်းမဲ့ အကြောင်းမဲ့ လမ်းထွက် နေတတ်၏ ။

တဖြည်းဖြည်းနှင့် အောင်မျိုးလတ်သည် ဗီဇ စရိုက်ချင်းတူသည့် အပေါင်းအသင်းများ တို့နှင့် အကျွမ်း ဝင်လာကာ သူတို့ အဖွဲ့သည် လူတကာ အော့ကြောလန် ဆိုးသွမ်း လူငယ်များ ဖြစ်လာကြတော့သည်။

အောင်မျိုးလတ်၏ မကောင်းသော ကျော်ကြားခြင်းသတင်းက ဦးမျိုးထွန်း၏ အသိအကျွမ်း မိတ်ဆွေများ ကြားတွင် လှိုင်းထ၍ နေတော့ပြီ။

"သား .... ကော်ဖီနဲ့မုန့် စားသွားလေ .... သား ကြိုက်တဲ့ အသားညှပ်မုန့် မေမေ လုပ်ထားတယ်"

အောင်မျိုးလတ်က စားသောက်ဖွယ်ရာများ ခင်းကျင်းထားသော စားပွဲဆီသို့

သူ့ခါးတွင် ခါးပတ် တပ်ဆင်နေရင်းက တစ်ချက်လှမ်းကြည့်ပြီး ခေါင်းခါလိုက်သည်။

“ဟင့်အင်း .....”

“သားရယ် .... တစ်နေ့တစ်လေ လေများ အိမ်မှာ နေပါဦး ... ဖေဖေလဲ အိမ်မှာ ရှိတာ မဟုတ်ဘူး၊ ယောကျ်ားသားရယ်လို့ အားကိုးရမယ့်လူ အရေး ရယ် အကြောင်းရယ်ကျရင် မရှိဘူး”

“ဟာဗျာ... မေမေကလဲ အပိုတွေ လုပ်နေပြန်ပြီ၊ တစ်သက်လုံး ဒီလိုပဲ နေလာကြတဲ့ဥစ္စာ .... ဒါအကြောင်းမဟုတ်ပါဘူး၊ အောင့်ကို ပိုက်ဆံနစ် ထောင်လောက် ပေးစမ်းပါ”

“မေမေ့မှာ ဘယ်ရှိမှာ လဲ သားရဲ့ ”

“ရတယ်လေ .... မရှိရင်လဲ လည်ပင်းက ဆွဲကြိုး ကိုအောင် ရောင် းလိုက်မယ်”

“အောင် .... မင်းတော့ လွန်ပြီထင်တယ်၊ ဟမ်းချိန်းလဲ မင်းရောင် းစားခဲ့တာ မဟုတ်လား၊ ပျောက် သွားတယ်ဆိုတာ မေ့မေ မယုံဘူး”

“မယုံတာကို ယုံပါလို့အောင် မပြောချင်ဘူး၊ မေမေကြိုက်သလို ယူဆနိုင်တယ်၊ အောင်သွားမယ်”

“နေဦး ...မင်း မင်း မသွားရသေးဘူး၊ မင်းကို မေးရဦးမယ်၊ မင်းတို့ အသင်းအဖွဲ့တွေ လုပ်ပြီး မိန်းကလေးတွေ ကို ဣန္ဒြေပျက်အောင် လိုက်လုပ်နေတယ်ဆို”

“ဘာလဲ မမရီက တိုင်လိုက်ပြန်ပြီလား”

“ဘယ်သူ တိုင်တိုင် မင်းတို့ သတင်းက ဟုတ်လို့ အပုပ်နံ့ပေါ်တာပေ့ါ၊ ဟို တစ်ယောက် ခရီးကပြန် လာရင် နား မချမ်းသာစရာတွေ ဖြစ်ရဦးတော့မယ်”

“အဲဒီ တော့လဲ အောင်လဲ မမမျိုး လမ်းစဥ်ကို လိုက်သွား လိုက်တော့မှာ ပေ့ါဗျာ”

“ဟင် ....”

သူ့စကားအဆုံးတွင် လုစ်ခနဲ လျှောက်ထွက် သွားသော သား ဖြစ်သူကိုကြည့်ပြီး ဒေါ်ခင်အေးဦးမှာ အာမေဋိတ်သံ ထွက်ကာ မျက်လုံးကြီးများ ပြူး ကျယ်စွာ ဖြင့် ကျန်ရစ်တော့၏ ။

အောင်မျိုးလတ်သည် ဖခင် ဦးမျိုးထွန်း သော့ ခတ်ထားခဲ့သော မော်တော်ဆိုင်ကယ်ကို ဂိုထောင် သော့ ဖြုတ်၍ ထုတ်ယူပြီး မောင်းနှင်ထွက်ခွာသွား၏ ။

သူ့ကိုကြည့်ပြီး ဒေါ်ခင်အေးဦး၏ ရင်မှာ ခဲကြီးကြီးဖြင့် ဆွဲထားသည်သို့ လေးလံလာပါသည်။

"ဒုက္ခပဲ ကိုထွန်း ပြန်လာရင် ပြဿနာတော့ အကြီးအကျယ် တက်တော့မှာ ပဲ မတင်ခရယ်"

"ဟုတ်တယ် ... အောင် တစ်ယောက် လဲ ခုတစ်လော ပိုဆိုးလာတယ်၊ မမဦးကို မတင် ကိုယ်ချင်း စာတယ်၊ မတင် ကိုယ်တိုင်တောင် ဒီကနေ ထွက်ပြေးချင်နေတာ"

"အောင်မယ်လေး မလုပ်လိုက်ပါနဲ့ မရွှေတင်ရယ်၊ မမဦးမှာ အားကိုးစရာဆိုလို့ ညည်းပဲ ရှိပါတယ်"

"ဟုတ်ပါတယ် မတင်လဲ မမဦးကို သနားလွန်းလို့ ငုံ့နေတာပါ၊ ဒီတစ်ခါ ဦးပြန်လာရင်တော့ ပြဿနာ က သေးမှာ မဟုတ်ဘူး"

"ဟုတ်တယ် .... ဦးရွှေဝွန်းရဲ့ ကားကို တိုက်ခဲ့တာတွေ ဒေါ်ခင်မိုးတင်တို့ရဲ့ သမီးကို လိုက်နှောင့် ယှက်တာတွေ အုပ်စုဖွဲ့ သော င်းကျန်းတာတွေ သူ သိရင်တော့ မိုးမီးလောင်မှာ ပဲ မတင်ခရေ၊ ဒီလို ဖြစ်လာ တာတွေ ဟာ တကယ်အရင်းစစ်လိုက်ရင် သူ့ဆန္ဒတွေ ကို သားသမီးတွေ အပေါ် အကောင်အထည်ဖော်တာ တင်းကျပ်ပြင်းထန်လွန်းလို့ပဲ မတင်ခ"

"ဟုတ်တယ် ......မမဦး၊ မတင်လဲ ဒီလိုပဲ မြင်တယ်၊ ဦးရဲ့ စေတနာကမှန်ပေမယ့် ကိုင်တွယ် ထိန်း ကျောင်းမှု တွေ က ပြင်းထန်လွန်းတော့ တလွဲတချော်တွေ ဖြစ်ကုန်တာ"

"အင်း … မမဦးရဲ့ မေမေ့ စကားတွေ မှန်လိုက်တာ၊ ညည်း ….. ဒီယောက်ျားကို ခေါင်းမာမာနဲ့ ယူလိုက်ရင်တော့ တစ်သက်လုံး စိတ်ချမ်းသာရမှာ မဟုတ်ဘူးတဲ့၊ ညည်းကောင်က အတ္တကြီးတဲ့လူတဲ့၊ ဟုတ်တယ် … မမဦးလဲ သူ့ကို ယူမိမှပဲ စိတ်ရော လူရော အကျဉ်းကျသွားရတယ်"

မတင်ခသည် ဒေါ်ခင်အေးဦးကို သနား ကရုဏာသက်စွာ ဖြင့် ကြည့်ရင်း ဆူးနှင့် အရွက်သင်ပြီးသွား သော ဘုရားပန်း ထည့်ထားသော လင်ပန်းကြီးကို မ,လိုက်သည်။

"ပန်းတွေ ၊ မတင် ဘုရားခန်းထဲ ပို့ထားလိုက်တော့မယ်နော် မမဦး"

"အေး …. အေး ခုပဲ မမဦး လိုက်လာခဲ့မယ်"

မတင်ခသည် ချက်ရေး ပြုတ်ရေး တွေ က ရှိနေသေးသဖြင့် ကသော ကမျော အိမ်ပေါ်ထပ် ဘုရားခန်း ဆီသို့ ပြေးကာ ပန်းများ ကို ထားလိုက်သည်။

ဒေါ်ခင်အေးဦးလည်း ဘုရားဝေယျာဝစ္စများ ဆောင်ရွက်ရန်အတွက် ဘုရားခန်းဆီသို့ တက်ခဲ့သည်။

ဘုရားရိပ် တရားရိပ်သာလျှင် သူ့ကို အေးငြိမ်းချမ်းသာရာပေးသဖြင့် ဒေါ်ခင်အေးဦးသည် ဘုရားခန်း ထဲ ဝင်နေရလျှင် စိတ်ကြည်မွေ့၍ နေ၏ ။

တစ်မနက်လုံးလုံးလိုပင် ဘုရားခန်းဝင်၍ သန့်ရှင်းရေး လုပ်၊ ရေတော် လဲ၊ ပန်းအိုးလဲနှင့် စိတ်ထဲရှင်း ပြီး ကြည်မွေ့ချမ်းသာရာ ရခဲ့သမျှ နေ့လယ်ဘက်တွင် အိမ်က ဩဇာရှင်ကြီးခရီးက ပြန်လာသဖြင့် ဒေါ်ခင်အေးဦးမှာ စိတ်တွေ ရှုတ်ထွေး နောက်ကျိ သွားရပါတော့သည်။

မျက်နှာကြီး မည်းအို၍ အိမ်ပေါ်တက်လာကတည်းက တစ်ခုခုဆိုတာ ဒေါ်ခင်အေးဦး ခန့်မှန်းမိလိုက် သည်။

"အလုပ်ကိစ္စပဲ အဆင်မပြေလာတာလား"

"ဒါမှမဟုတ် လမ်းကတည်းက အိမ်က အောင်အကြောင်း တစ်ခုခု

သိလာလေသလား”

ဒေါ်ခင်အေးဦးသည် မရဲတရဲ ခင်ပွန်းသည်ကို အရိပ်ဖမ်း အကဲခတ် ကြည့်နေမိလိုက်သည်။

ဦးမျိုးထွန်းသည် သူ့ခရီးဆောင် လက်ဆွဲအိတ်ကြီးကို ဘုတ်ခနဲမြည် အောင် ပစ်ချလိုက်ပြီး စူးရှ နက်မှော င်နေသော မျက်ဝန်းများ ဖြင့် ဇနီးသည်ဒေါ်ခင်အေးဦးကို ကြည့်လိုက်ပြီး။

“ဟိုကောင် ရှိလားမဦး”

သူ့အသံ ခက်ထန်ထန်ကြီးဖြင့် မေးလိုက်သည်။

“အောင်လား .... အောင် မနက်ကတည်းက ထွက် သွားပါတယ်”

“အိမ်မှာ ဒီကောင်ပဲ ရှိတာပဲ ပြောစကားကို အပိုပြောရတာ မင်းဝါသနာထုံပုံရတယ်”

“ခရီးမဆိုက် ကိုမျိုးရယ်၊ ရှင် ဘာတွေ ဖြစ်လာတာလဲ ဟင်”

“အေး .... ခရီးမဆိုက်ဘဲ ရင်ဝ ဆောင့်ကန်ခံလိုက်ရတဲ့သတင်း ငါကြားခဲ့ရလို့ပဲ မရွှေဦး၊ ခင်ဗျား သား ဦးရွှေဝွန်းရဲ့ မာစီးဒီးကား နောက်မီးလုံးတွေ ခွဲပစ်လိုက်တာ ခင်ဗျားသိလား ဟင်”

“ဟုတ် ... ဟုတ်ကဲ့”

“ဟင်း .... ကောင်း အားကြီးကောင်း သူ့ကားက ခုမှ သွင်းလာတဲ့ နောက်ဆုံးပေါ် အသစ်စက်စက် ကြီးကွ ခုစာနဲ့ ပေနဲ့ လျှော်ကြေးတောင်းနေပြီ”

ဒေါ်ခင်အေးဦး ခေါင်းငုံ့ကျသွားတော့သည်။

“မိဘက သွန်သင်သလို မနေ၊ ဖြစ်စေချင်သလိုလဲ ဖြစ်အောင် မလုပ်တဲ့အပြင် တော် ကြာသူ့ကြောင့် လျော်လိုက်ရ၊ သူ့ပြဿ နာကြီးငယ်ကို လိုက်ရှင်းလိုက်ရနဲ့ ဒီကောင်

ကျူပ်ဘဝကို နှောင့်ယှက်ဖို့ ဒီလောက ထဲရောက်လာတာပဲ၊ အစကတည်းက မယူခဲ့ရင် ကောင်းသား ထွီ”

ဦးမျိုးထွန်းသည် အကြောင်းအရာ တစ်ခု ရသွားလေပြီမို့ ဗျစ်တောက် ဗျစ်တောက်နှင့် နားမချမ်းသာ စရာ ဖြစ်အောင် ပြုလုပ်နေပါတော့သည်။

သည်ပြဿ နာ တစ်ခုနဲ့တင် လူတွေ မှာ နေစရာမရှိအောင် ဖြစ်ရသည့်အထဲ နောက်ပြဿ နာ တစ်ခုက ထပ်ဆင့်၍ တိုးလာပါသည်။ ဒေါ်ခင်အေးဦးသည် ဦးမျိုးထွန်းသတင်းစာ ဖတ်နေစဉ် ဖုန်းဘဲလ် မြည် လာသဖြင့် ကောက်ကိုင်လိုက်ရာ။

“ကန်ထရိုက်တာ ဦးမျိုးထွန်း အိမ်ကပါလား ခင်ဗျာ”

အမျိုးသားတစ်ဦး၏ အသံ။

“ဟုတ်ပါတယ် ရှင် ဘာကိစ္စ ရှိလို့ပါလဲ”

“ကျွန်တော် စခန်းမှူး ဦးထူးသာပါ၊ မောင်အောင်မျိုးလတ်ကို အုပ်စုချင်း ရိုက်မှု နဲ့ ကျွန်တော် တို့ စခန်းမှာ ချုပ်ထားပါတယ်၊ အဲဒါ .... ဟလို .... ဟလို”

ဒေါ်ခင်အေးဦးသည် ‘ဟင်’ ခနဲ အာမေဋိတ်သံပြုပြီး လက်ထဲက ဖုန်းလွှတ်ကျကာ ကြမ်းပေါ်သို့ ပျော့ခွေကျ သွားပါသည်။

“မဦး ....”

ဦးမျိုးထွန်းသည် သတင်းစာကို ပစ်ချပြီး ဇနီးသည်၏ ထံပါးသို့ ဝုန်းခနဲ ရောက်ရှိလာခဲ့သည်။

သူနှင့် မရေးမနှောင်း မတင်ခလည်း ရောက်ရှိလာကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကာ ပျာယာ ခတ်နေသည်။

ဦးမျိုးထွန်းသည် တစ်စုံတစ်ခု ဆိုးဆိုးရွားရွားဆိုတာ သဘောပေါက်မိလိုက်သဖြင့် ကြိုး တန်းလန်းဖြင့် ကျနေသော စကားပြောခွက်ကို တစ်ဖက်က ဇနီးသည်ကို ပွေ့ထားရင်း ကိုင်လိုက်သည်။

စခန်းမှူး ထံမှ တိကျသော အကြောင်းရင်းကို သိရသော အခါ ဦးမျိုးထွန်းသည် အံကို တင်းကျပ်စွာ ကြိတ်ပြီး ခိုင်မာသော ဆုံးဖြတ်ချက်ကို ချလိုက်သည်။

"ကျုပ်သားနဲ့ ပတ်သက်ပြီး စခန်းမှူး ကြီးတို့ တာဝန်ရှိတဲ့အတိုင်း ဆောင်ရွက်လိုက်ပါ၊ သူ့အပြစ် ရှိသရွေ့ သူခံပါစေ"

ဦးမျိုးထွန်းက ပြတ်သားလှသည်။

သူ့ဆုံးဖြတ်ချက်အတိုင်း တစ်ရွေးသားမျှမပြင်ဘဲ၊ အောင်မျိုးလတ်ကို ဥပေက္ခာ ပြုထားလိုက်သည်။

မျက်ရည် တရွှဲရွှဲ ဖြစ်နေသော ဇနီးသည်၏ အ ဖြစ်ကိုလည်း မသိကျိုးကျွန်ပြု၍ နေလိုက်သည်။

အောင်မျိုးလတ် တစ်ယောက် စခန်းတွင် လေးငါးညမျှနေလိုက်ရပြီး ဦးမျိုးထွန်းတို့၏ မိတ်ဆွေကြီး ဒေါက်တော ဦးမြင့်ဆောင်၏ အာမခံပေးမှု ကြောင့် စခန်းမှ ထွက်လာနိုင်ခဲ့သည်။

"ကျေးဇူးပဲ အန်ကယ်မြင့်"

"မင်း နောက်တစ်ခါ ဒီလို ကိစ္စမျိုး မကျူး လွန်ပါဘူးလို့ အန်ကယ်မြင့်ကို ကတိပေးရမယ် အောင်၊ မင်း မေမေကို သနားလို့ အန်ကယ် မင်းကိုလာထုတ်တာ"

အောင်မျိုးလတ်က ခေါင်းငုံ့နေ၏ ။ ဒေါက်တာ ဦးမြင့်ဆောင်၏ သမီးငယ် မြူး မြူး က အောင်မျိုးလတ် ၏ ပခုံးကို တွန်းလိုက်ပြီး။

"အောင် ကတိပေးလိုက် လေ"

"ဟုတ် .... ဟုတ်ကဲ့ အောင် ကတိပေးပါတယ် အန်ကယ်မြင့်"

အောင်မျိုးလတ်၏ နံဘေးတွင် ရှိနေသော မြူး မြူး သည် မျက်နှာကလေး ဝင်းခနဲ ဖြစ်သွားသည်။

"ကဲလာ … မင်းကို အန်ကယ်မြင့် အိမ်ပြန်ပို့ပေးမယ်"

အောင်မျိုးလတ်၏ ခြေ နောက်သို့ လှမ်းဆုတ်သွားသည်။

မြူး မြူး က သဘောပေါက်သွားပြီး။

"ဖေဖေ၊ အောင်ကို သမီးတို့အိမ် ခေါ်သွားကြရအောင်ပါ၊ အောင်က သူ့ဖေဖေ ဒေါ်သတကြီး ဖြစ်ကုန်မှာ ကို ကြောက်နေပုံရတယ်၊ ဟိုလေ မေမေကလဲမှာ လိုက်တယ် အောင့်ကိုခေါ်လာခဲ့တဲ့၊ တစ်ခုခု ကျွေးပြီးမှ အိမ်ပြန်ပို့ပေးမယ်တဲ့ ဖေဖေ"

"အေး … ဒါဖြင့် လဲ အိမ်ပဲ သွားကြတာပေါ့"

အောင်မျိုးလတ်မှာ မြူး မြူး နှင့် ကားနောက်ခန်းတွင် ထိုင်ပြီး ရွှေတောင်ကြားလမ်းရှိ မြူး မြူး တို့၏ အိမ်သို့ ရောက်ရှိခဲ့သည်။

မြူး မြူး တို့၏ မိခင် ဒေါ်ခင်မူမူတင့်က ဘာမှ ဖြစ်မလာသလို အောင်မျိုးလတ်ကို အိမ်ထဲသို့ ဖိတ်ခေါ် ပြီး စကားတွေ ဖောင်လောက်အောင် အောင်မျိုးလတ် အနေမခက်အောင် ပြောနေ၏ ။

မြူး မြူး ကလည်း ပျံလွှားငှက်ကလေးတစ်ကောင်လို မြူး ပျော်ဟန်ကလေးဖြင့် အောင်မျိုးလတ်ကို ကတ်ဆက်ဖွင့်ပေးလိုက် ၊ အချိုအချဉ် စားစရာတွေ ကို ချပေးလိုက် လုပ်နေ၏ ။

"အောင် … အခွေကြည့်မလား၊ ညက မြူး မြူး ကြည့်ထားတဲ့ ကားက သိပ်ကောင်းတာပဲ"

"အောင်ကြည့်ချင်စိတ် သိပ်မရှိသေးဘူး မြူး မြူး ရာ"

"ဒါဆိုလဲ နေလေ သီချင်းပဲ နားထောင်ပေါ့၊ အိမ်မှာ ပေါ့ပ်ဆောင်းအသစ်တွေ ရောက်နေတယ်၊ လေးလေးသော် ဂျပန်က ပို့ပေးလိုက် တာလေ"

မြူး မြူး က လေဆာဒစ် စ် ထည့်ထားသော သီချင်းကတ်ဘူးကလေးများ ကို စင်ဆီမှ ထုတ်ယူ၍ အောင်မျိုးလတ်အား ပေးလိုက် သည်။

အောင်မျိုးလတ်က ကတ်ဘူးကလေးများ ကို ကြည့်နေစဉ် မြူး မြူး တို့တိုက်ရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာပြီး ကားပေါ်မှ မြူး မြူး ၏ မမကြီး ရီရီမြင့် ဆင်းလာသည်ကို တွေ့ရ၏။

ရီရီမြင့်သည် ဧည့်ခန်းထဲသို့ ဝင်လိုက်သော အခါ အချစ်ဆုံး ညီမလေးနှင့် ပူးပူးကပ်ကပ် တွဲ ထိုင်နေ သော အောင်မျိုးလတ်ကို တွေ့လိုက်ရသဖြင့် မျက်နှာကြီး အိုကျသွား၏။

အလိုမကျသည့် မျက်နှာမျိုး ဖြစ်သည်ကို အောင်မျိုးလတ် ချက်ချင်း သဘောပေါက်မိလိုက်သည်။

မြူး မြူး လည်း သူ့မမကြီး၏ မျက်နှာအမူအရာကို ကြည့်ပြီး ကွက်ခနဲ မျက်နှာပျက်သွားရှာသည်။

ရီရီမြင့်က အောင်မျိုးလတ်တို့၏ ထိုင်ခုံနှင့် အနီးဆုံးဆီသို့ ရောက်ရှိလာပြီး။

"ဘယ့်နယ်လဲ အောင်၊ အချုပ်ခံရတာ တော် တော် အရသာရှိရဲ့ လား ဟင်"

အောင်မျိုးလတ် ဘာပြောရမှန်း မသိဘဲ ကျောတောင့်ခနဲ ဖြစ်သွားသည်။

"ဟင် .... မမကြီးကလဲ ဘယ်လိုမေးလိုက်တာလဲ၊ အောင်ခမျာ အချုပ်ထဲမှာ ဘယ့်လောက် အနေ ဆင်းရဲတယ်မှတ်လဲ"

"ဒါ ဘယ်သူမပြုမိမိမှု ပဲ မြူး မြူး ၊ သူ့မိဘ အခြေအနေ သူ့မိဘဂုဏ်ကို မထောက်ထားဘဲ ကလေ ကချေဆန်ချင်လို့ ဖြစ်တာ မမကြီး မသနားပါဘူး၊ မမကြီး အလိုဆိုရင် သွားမထုတ်ဘဲ နောင်ကြဉ်အောင် အနှိကယ်မျိုးလိုပဲ ပစ်ထားလိုက်မှာ ပဲ"

အောင်မျိုးလတ် ရုတ်တရက် ဒေါသပေါက်ကွဲပြီး ဝုန်းခနဲ ထရပ်လိုက်သည်။

"အောင် .... ဒါတို့အိမ်ဆိုတာလဲ သတိထားဦးနော်"

အောင်မျိုးလတ်၏ ဝုန်းခနဲထသွားသော ဒေါသများ ခါးလယ်က ကျိုးသွားသကဲ့သို့ ဖြစ်သွားသည်။

"မမကြီးတို့ ပြောတဲ့စကားတွေ က စေတနာစကားတွေ ချည်းပဲ၊ မင်းပေါင်းဖက်နေတဲ့ လူတွေ ကသာ မင်းကို ဝေဒနာပေးနေကြတာ မင်းလဲ မငယ်တော့ပါဘူး၊ ဆက်ကင်းယီးရားတောင် ရောက်နေပြီပဲ၊ ခွဲခြားသိ ပေါ့ကွာ"

"မမကြီးကလဲ တော် ပါတော့၊ လာ .... အောင်၊ ခြံထဲ သွားကြရအောင် ... အောင် ..."

မြူး မြူး က အောင်မျိုးလတ်၏ လက်ကို ဆွဲ၍ ထူပြီး ခြံဝင်းထဲသို့ ခေါ်ဆောင်သွားခဲ့သည်။

"ဆောရီးပဲ အောင်ရာ၊ မမကြီးက ဒီလိုပဲ မြူး မြူး ကိုလဲ ဖေဖေတို့ မေမေတို့ထက် ဆရာ လုပ်သေး တယ် တကယ်တော့ ကောင်းစေ့ချင်တဲ့ စေတနာနဲ့ပါအောင်၊ စိတ်မဆိုးပါနဲ့နော်"

"အောင် စိတ်မဆိုးပါဘူးကွာ"

ပြောသာပြောလိုက်ရပေမယ့် အောင်ရင်ထဲမှာ တော့ ခပ်အောင့်အောင့်ရယ်။

"အောင်"

"ပြောပါ မြူး "

"အောင် ဒီကနေ အိမ်ကို ပြန်နော်"

ရုတ်တရက် အဖြေမပေးဘဲ အောင်မျိုးလတ်က ဆုတ်ဆိုင်းဆိုင်းလုပ်နေ၏ ။

"အောင် အိမ်ပြန်သင့်တယ်၊ အန်တီဦးက အောင့်အတွက်ပူပြီး အိပ်ရာထဲခွေနေတာ၊ အန်တီဦး တစ်ခုခု ဖြစ်သွားမှာ စိုးရိမ်ရတယ်၊ ဖေဖေကလဲ အန်တီဦး အကြောင်းကြားလို့ အောင့်ကို စခန်းကနေ သွားထုတ်ခဲ့တာ၊ အောင့်ကို မြူး မြူး လိုက်ပို့ပေးမယ်၊ အောင့်အိမ်ကို ပြန်ပါနော်"

တစ်စုံတစ်ခု ပြန်မဖြေသော် လည်း ငြင်းဟန်မပြသော အမူအရာဖြင့် အောင်မျိုးလတ်က ရှိနေသဖြင့် ...။

“ခဏစောင့် အောင်၊ မြူး မြူး ကား သွားထုတ်လိုက်ဦးမယ်”

အောင်မျိုးလတ်၏ ပခုံးကလေးကို အသာ ပုတ်ခဲ့ပြီး မြူး မြူး သည် ကားဂိုထောင်ဆီသို့ ပြေးသွား တော့သည်။

*

အောင်မျိုးလတ်နှင့် ပတ်သက်လာလျှင် မြူး မြူး သည် အမြဲတမ်းဖျတ်လတ်သွက်လက်နေပါသည်။

အောင်မျိုးလတ် အတွက်ဆိုလျှင် ဘာပဲ လုပ်ပေးရပေးရ မြူး မြူး က လုပ်မည် သူ။

အသက်ကိုပင် စွန့်ရန် ဝန်မလေးပါဟုဆိုလျှင် မယုံမရှိလေနှင့်။

တကယ်တော့ အောင်မျိုးလတ်ဆိုသည့် ကောင်ဆိုးကလေးကို မြူး မြူး သည် တစ်ဖက်သတ် စွဲလမ်း ချစ်ခင်မိနေသူ။

အောင်မျိုးလတ်က သူ့ကိုအခင်မင်ဆုံး မိန်းကလေးသူငယ်ချင်း တစ်ယောက် အနေထက် အချစ်မပို သေးသော်လည်း အောင်မျိုးလတ်အပေါ် မြူး မြူး ၏ တိတ်တခိုးအချစ် ကတော့ သူ့ရင်ထဲမှာ ဟိမဝန္တာတောင် ကြီးလို ကြီးမား၍ နေ၏ ။

“အောင်ရယ် ...မြူး မြူး အောင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ အောင်မသိနိုင်သေးပါလား၊ ဟင်း ... မြူး မြူး ကတော့ အောင့်ဆီက တုံ့ပြန်မေတ္တာရလာလိမ့်မယ်လို့ စွဲစွဲမြဲမြဲ ယုံကြည်နေမိတယ်”

မြူး မြူး က ခေါင်းကလေး တစ်ချက် ဆတ်ခနဲညိတ်ပြီး ကားစက်ကိုနှိုး၍ ဂိုထောင်ထဲက ထွက်လိုက် သည်။

သူသည် အောင်မျိုးလတ်အနီးသို့ ရောက်သော အခါ ကားစက်ကိုလျှော့ချ၍ ရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက် သည်။

"အောင် မြို့ ထဲသွားပြီး တစ်ခုခုစားပြီးမှ အိမ်ပြန်မလားဟင်"

"အောင် ဘာမှမစားချင်ဘူး၊ မြူး မြူး အပန်းမကြီးရင် မင်းဆက်ဆီတော့ ခဏသွားချင်တယ်"

မြူး မြူး ၏ ကြည်လင်လှပသော မျက်နှာကလေးမဲ့တဲ့တဲ့ ဖြစ်သွား၏ ။

"မြူး မြူး သူတို့ဆီ ပို့မပေးချင်လို့လား ဒါဆိုလဲ ရပါတယ်"

"ပို့ပေးရတာ အပန်းမကြီးပါဘူးအောင်၊ မြူး မြူး က အဲဒီ ကိုမင်းဆက်ကြီးနဲ့ အောင်ပေါင်းတာ မကြိုက် တာပါ၊ သူ့ကြောင့် ပဲ အောင် အချုပ်ခံခဲ့ရတာ မဟုတ်လား"

"ဟာ .... မဟုတ်တာ မြူး မြူး ကလဲ ဒီတယ်ရီဖေဆိုတဲ့ ခွေးမျိုးတို့ အုပ်စုက သက်သက်အောင်တို့ကို ရန်စတာပါ၊ ဒီကောင်တွေ ကျယ်တာမခံနိုင်လို့ ဖြစ်ကြတဲ့ ကိစ္စ၊ မင်းဆက်ကြောင့် မဟုတ်ဘူး၊ တော် ပြီကွာ ရပါတယ်၊ အိမ်ပဲ ပြန်တော့မယ်"

"အောင်ကလဲ စိတ်တိုရန်ကော အောင်နဲ့အတူသာ သွားရမယ်ဆိုရင် မင်းဆက်ဆီတင်မကဘူး၊ ငရဲ ပြည်တောင် မြူး မြူး ကလိုက်ပို့မယ့်လူပါ၊ မြူး မြူး ပြောနေတာက နောက်ထပ် မလိုလားအပ်တဲ့ ပြဿ နာမျိုး တွေ ဖြစ်လာမှာ စိုးလို့ သိလား၊ ခုလဲ စခန်းမှာ ခံဝန်ချုပ်လက်မှတ် ထိုးထားခဲ့ရတယ် မဟုတ်လား"

"မြူး မြူး မသိပါဘူးကွာ အောင်တို့ ကိစ္စတွေ ကို"

မြူး မြူး လည်း ဟင်းခနဲ ပင့်သက် ချပြီးနောက် ဘာမှ မပြောတော့ဘဲ သူတော် တော် အမြင်ကတ်နေ မိသော မင်းဆက်ထံသို့ အောင်မျိုးလတ်ကို ပို့ဆောင်ပေးလိုက် သည်။

မင်းဆက်ဆိုတဲ့ လူရဲ့ မိဘများ က ဂုဏ်သရေရှိသူတွေ ....

အစ်ကိုတွေ အစ်မတွေ ကလည်း ဆရာဝန်တွေ ၊ အင်ဂျင်နီယာတွေ ...

တစ်မိပေါက် တစ်ယောက် ထွန်းဆိုသလို အထွေးဆုံး ဖြစ်သော မင်းဆက် တစ်ယောက် သာလျှင် စရိုက်ဆိုးကာ လူဆိုးလူသွမ်း ဖြစ်နေ၏ ။

မင်းဆက်တို့ အိမ်ဝင်းအနီးသို့ ကားရောက်လာသော အခါ အောင်မျိုးလတ်က ကားကို ရပ်ခိုင်းလိုက် သည်။

"ဘာ ဖြစ်လို့လဲ အောင်ရဲ့၊ အထဲဝင်လိုက်မယ်လေ"

"နေပစေ၊ ဒီမှာ ပဲ ရပ်ပြီးခဏစောင့်နေ၊ အောင် ခဏပဲ မကြာဘူး"

မြူး မြူး က ကားကို ရပ်ပေးလိုက် သည်။

အောင်မျိုးလတ်သည် ကားတံခါးကို ဖွင့်၍ ကားပေါ်မှ ဆင်းလိုက်ပြီး အပြေးကလေး မင်းဆက်တို့၏ ခြံထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

ဆယ့်ငါးမိနစ်ခန့်ကြာလျှင် အောင်မျိုးလတ် မင်းဆက်နှင့် အတူ ပြန်ရောက်လာသည်။

"မြူး မြူး ကလဲ ရောက်တုန်းပေါက်တုန်း အိမ်ထဲဝင်လည်တာ မဟုတ်ဘူး၊ မြူး မြူး ပါလာတယ်ဆိုလို့ မင်းမင်းထွက်လိုက်လာတာ၊ လာပါ ကိုးဒရင့်လေး ဘာလေး ဝင်သောက်ပါဦး"

"ကျေးဇူးပဲ ... မြူး မြူး ခုပဲ အိမ်က စားသောက်လာလို့ပါ"

မြူး မြူး က မပြုံး မရယ် ခပ်တည်တည်မျက်နှာကလေးဖြင့် လောကွတ်တွေ ပျူငှာနေသော မင်းဆက် ကို ပြောလိုက်သည်။

"မြူး မြူး ကကွာ ... မင်း မင်း ခင်သလို မခင်ဘူး ဘယ်တော့မဆို ဒီလိုပဲ ငြင်းတာပဲ"

"အောင် ကိစ္စပြီးရင် သွားမယ်"

အောင်မျိုးလတ်က မင်းဆက်ကို ပခုံးတစ်ချက် တွန့်ပြပြီး ကားပေါ်သို့

တက်လိုက်သည်။

ခပ်မှုန်မှုန် မျက်နှာကလေးဖြင့် မြူးမြူး ကားစက်နိုးလိုက်သော အခါ မင်းဆက်ကား ပြတင်းပေါက်နား တွင် တိုးကပ်ရပ်နေရာမှ နောက်သို့ ဆုတ်ပေးလိုက် သည်။

မြူးမြူး က သူ့အနီးမှ ကားကို ဂူးခနဲ အရှိန်နှင့် မောင်းထွက်ခဲ့သည်။

"မင်းဆက်က သဘောကောင်းပါတယ်၊ မြူးမြူး က သူ့ကို ဘာ ဖြစ်လို့ မခင်တာလဲ"

"သူ့ရုပ်က မျက်နှာရှုး .... မြူးမြူး ဘယ်လိုမှ ကြည့်မရဘူး အောင်"

အောင်က မြူးမြူး အပြောကို သဘောကျဟန်ဖြင့် ရယ်လိုက်သည်။

ကားနောက်မှန်မှ မြူးမြူး နောက်သို့ တစ်ချက်ကြည့်လိုက်မိသည့်အခါတွင် မင်းဆက် လမ်းဘေးက မြက်ဖုတ်ကို ခြေဖြင့် တစ်ချက် ဆောင့်ကန်လိုက်သည်ကို အသေအချာ မြင်လိုက်ရသည်။

မြူးမြူး ၏ မျက်နှာကလေးက မဲ့ခနဲ ဖြစ်သွားသည်။

"ရှင့်ကိုတော့ ကန်တော့ဆွမ်းပဲ ကိုမင်းဆက်ရေ"

မြူးမြူး က ရင်ထဲကျိတ်၍ တိုးတိုးတိတ်တိတ်ကလေး ပြောလိုက်ပါသည်။

သည်အချိန်မျိုးတွင် သူ့ဖခင် ကုမ္ပဏီတွင် သာ ရှိနေတတ်သည်ကို သိသော လည်း အောင်မျိုးလတ် က ကားကို သူတို့အိမ်ခြံဝင်းရှေ့တွင် သာ ရပ်ခိုင်းလိုက်သည်။

"ဘာ ဖြစ်လို့လဲ အောင်ရဲ့၊ မြူးမြူး လဲ အထဲကိုလိုက်မယ်လေ၊ အောင့် တစ်ယောက် တည်းဆိုရင် အန်ကယ်ထွန်းက ပိုဆူနေမှာ "

"မြူးမြူး ရှေ့မှာ ကို အဆူမခံချင်လို့ပဲ၊ ရတယ် မြူးမြူး ပြန်တော့"

"အောင် ကတော့ ဒီလိုပဲ"

မြူးမြူး က မကျေနပ်ဟန် ပြုသော်လည်း ကားကိုတော့ ရပ်ပေးလိုက် သည်။

အောင်မျိုးလတ်က ကားတံခါးကိုဖွင့်၍ ကားပေါ်မှဆင်းလိုက်သည်။

"အောင် ... ဒီနေ့ ထပ်ပြီး အပြင်လျှောက်ထွက်မနေနဲ့တော့၊ နားလိုက်တော့နော်၊ ညနေကျရင် မြူး မြူး ဖုန်းဆက်မယ်"

"အင်း .... ဆက်လိုက်"

မြူး မြူး က အောင်မျိုးလတ်ကို လက်ကလေးပြ၍ နှုတ်ဆက်ပြီး ကားကိုမောင်းနှင် ထွက်ခွာသွား၏ ။

အောင်မျိုးလတ်သည် လူတစ်ကိုယ်စာ ဝင်သာအောင် ဖောက်ထားသော ခြံဝင်းတံခါးကြီး တံခါး ပေါက်ကလေးထဲသို့ ခေါင်းငုံ့ ဝင်လိုက်သည်။

ကျောက်ခင်းလမ်းကလေးအတိုင်း လမ်းဘေးက လမ်းလျှောက်ပင်ဖုတ် ကလေးများကို ခြေထောက် ဖြင့် ဆော့ကန်ကစားရင်း အိမ်ဆီသို့ လျှောက်ခဲ့သည်။

အိမ်၏ ဆင်ဝင်အောက်သို့ ရောက်သည့်အခါတွင် တော့ တံခါးဖွင့်ပေးရန် ဘဲလ်ကိုမနှိပ်သေးဘဲလှေကားထစ်ထိပ်တွင် ထိုင်ချလိုက်သည်။

တကယ်တော့ အမိနှင့် သော့ လည်းကောင်း၊ အဖနှင့် သော့ လည်းကောင်း အောင်မျိုးလတ် မျက်နှာ ချင်းဆိုင်ရမည် ကို ဝန်လေးနေခြင်း ဖြစ်၏ ။

"အောင်မလေး ..... လန့်လိုက်တာ"

"ဘာ ဖြစ်တာလဲဗျ"

အောင်မျိုးလတ်သည် တစ်ကိုယ်လုံး သိမ့်ခနဲတုန်သွားပြီး နောက်သို့ အလန့်တကြား ကြည့်လိုက် သည်။

"အောင်ရယ် ... ရောက်လာလဲ အသံလေးဘာလေး ပေးမှပေါ့၊ ငုတ်တုတ်ကြီး ဘာလုပ်နေရတာ လဲ"

"ဒေါ်တင်ခကြီးကလဲ ပိုကို ပိုလွန်းတယ်၊ ဒီမှာ လူ တစ်ယောက် လုံး ထိုင်နေတာ

တန္ထြေသူရဲကို မြင်တာ ကျနေတာပဲ”

မတင်ခသည် စိတ်မောမိဟန်ဖြင့် ပင့်သက်ရှိုက်ပြီး အိမ်ဝင်းသံပန်းတံခါးမကြီးကို အောင်မျိုးလတ် အတွက် ဖွင့်ပေးလိုက် သည်။

“မတင်ခရေ ... ဘယ်သူ လာလဲ”

“အောင် ပြန်လာတယ် . မမဦး”

“ဟင် .... အောင် ပြန်လာတယ်”

အသံကို ကြားရပြီး ချက်ချင်း ဆိုသလိုပင် ဧည့်ခန်းဆီသို့ ဒေါ်ခင်အေးဦး ရောက်ရှိလာသည်။

“အောင် ... အောင် .... သားလေး”

“အို ... မမဦး နေကောင်းတာလဲ မဟုတ်ဘူး၊ ဘာ ဖြစ်လို့ အိပ်ရာက ထလာရပြန်တာလဲ”

အားအင် ကုန်ခန်းသည်သို တစ်ကိုယ်လုံး ယိုင်နွဲ့နေသော ဒေါ်ခင်အေးဦး၏ ထံပါးသို့ မတင်ခသည် လျှင်မြန်စွာ ရောက်ရှိသွားပြီး ထိန်းထားပေးလိုက် သည်။

အောင်မျိုးလတ်သည် မိခင် ဖြစ်သူကို တစ်ချက် ကြည့်ပြီးနီးရာခုံတွင် သူ့ကိုယ်လုံးကို ပစ်ချထိုင်ပြီး ခေါင်းငုံ့ထားနေ၏ ။

“အောင် .. မေမေမှာ စိတ်ပူလိုက်ရတာ သားရယ်”

မေမေ ငါ့အတွက် စိတ်ပူနေတယ်ဆိုတာ သံသယရှိစရာ မလိုဘူး၊ ငါ့အပေါ်မှာ မေမေကပဲ သံယောဇဉ်ရှိတယ်၊ အဖေဆိုတာက ငါလူမှန်းသိစကတည်းက ဆူလိုက်ဟောက်လိုက်၊ ငေါက်လိုက်နဲ့ချည်း ပဲ တစ်အိမ်လုံးအပေါ် သူလိုချင်တဲ့ပုံစံကို အတင်းသွင်းတယ်၊ သူများ ဆန္ဒ ဘယ်လိုရှိတယ်ဆိုတာ ဘယ်တော့မှ တီးခေါက်မကြည့်ဘူး၊ သူနားလည်တာ ဘယ်လို ပိုက်ဆံရှာရမလဲဆိုတာ တစ်ခုပဲ ရှိတယ်။ ငါ ဖေဖေ့ကို စိတ်နာတယ်၊ ငါ့ပေါ်မှာ သူရက်စက်ရှူ့စိမ့်နိုင်တာ ကမ်းကုန်ပြီ၊ ခုငါ အချုပ်က လွတ်လာတာ မေမေ့ကြောင့် ၊

သူ့ကြောင့် မဟုတ်ဘူး၊ သူ့ကို စိတ်နာတယ်၊ သူ့ကို စိတ်နာတယ်”

အောင်မျိုးလတ်သည် ဖခင်က စေတနမှန်ကို မမြင်တတ်ဘဲ နာကြည်းချက်တွေသာ ကြီးမား၍ နေ၏ ။

“မမဦး အိပ်ရာထဲ ပြန်လှဲနေလိုက်ပါ၊ အောင်လဲ အိမ်ပြန်လာပြီပဲ ဥစ္စာ”

ဒေါ်ခင်အေးဦးသည် စကားမပြော တရားမဟော ခေါင်းငုံ့ထိုင်နေသော ဂျစ်ကန်ကန်သားကို မျက်ရည်ဝဲစို့နေသော မျက်ဝန်းများ ဖြင့် အတန်ကြာအောင် ကြည့်နေပြီးမှ သူ့အိပ်ခန်းဆီသို့ ပြန်လှည့် ခဲ့သည်။

“မတင်ခ ... သားလေးကို သူဘာစားမလဲ မေးပြီး လုပ်ပြုပေးလိုက် ပါ”

“စိတ်ချ ... မမဦးသာ နားနားနေနေ နေလိုက်၊ ကျွန်မအားလုံး လုပ်ပေးလိုက်မယ်”

“အင်း ... သားအိမ်ပြန်လာလို့ ရင်ထဲက သော ကမီးတောက် ငြိမ်းရပါတယ်၊ ဒါပေမယ့် အပူကြီး ကတော့ ကျန်တုန်းပဲ မတင်ခရေ၊ ဟိုဒေါသကမ္ဘာရကြီး ပြန်လာရင် ဘာတွေ ဖြစ်ဦးမယ်မသိဘူး၊ အောင် အိမ်က ပြန်ထွက်သွားမှာ ကို မမဦးကြောက်တယ် မတင်ခရယ်”

ဒါကိုတော့ မတင်ခ မနှစ် သိမ့်တတ်တော့ပါ။

သူကိုယ်တိုင်လည်း ဦးမျိုးထွန်းတစ်ယောက် တစ်နေ့တစ်နေ့သာ ဆိုင်းနှင့် ထွက်လေမလဲဟု ထိတ်လန့်နေရသူတစ်ဦး မဟုတ်ပါလားလေ။

*